ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်၊ ဗုဒ္ဓဟူးနေ့၊ (12-4-2006)(၄၉၂၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခြံစည်းရိုးကြက်ဆူပင်များကို ပြည်နယ်အတွင်း မြို့နယ်တိုင်း တစ်မြို့နယ်လျှင် တစ်ရွာကျ စံပြအဖြစ်စိုက်ပျိုး ယင်းစံပြရွာများ၏ ခြံစည်းရိုးကြက်ဆူပင်မှ ဘိုင်အိုဒီဇယ်ထုတ်လုပ်၍ လက်တွေ့အသုံးချ အောင်မြင်မှုပြသ ကောထောင်သောင်းချီ၍ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးပြီး သုတေသနလုပ်ငန်းများကိုလည်း ပူးတွဲဆောင်ရွက်

နေပြည်တော် ဧပြီ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ဗထူးတပ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်မြို့မှ ရဟတ်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ ထွက်ခွာကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျောက်နီဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွက် ခြံစည်းရိုးကြက်ဆူပင်ကို အမှတ်တရစိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

ကြိုဆို

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၁၅ မိနစ်တွင် တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု ရေပူကျေးရွာအနောက်ဘက်ရှိ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိကြရာ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းရှိ ရှင်းလင်းဆောင်၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်း၏ နောက်ခံသမိုင်း၊ ရည်ရွယ်ချက်၊ နှစ်ရှည်သီးနှံများဖြစ်သည့် စိန်တလုံးသရက်၊ သစ်ဆိမ့်၊ တည်င်း၊ လိုင်ချီး၊ ပျားလိမ္မော်၊ ဆိုးဆေးပင်နှင့် ရော်ဘာပင်များ စိုက်ပျိုးထားရှိမှု အခြေအနေ၊ စိန်တလုံးသရက်ပင် အပင်တစ်သောင်း စိုက်ပျိုးထားရှိမှုနှင့် ရှင်သန်မှုအခြေအနေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေရှိ တပ်ရင်းတပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပင် နှစ်အလိုက် စိုက်ကေလျာထားချက်၊ အစေ့၊ ကိုင်းနှင့် အပင်ပေါက် မျိုးစုဆောင်းထားရှိမှုနှင့် လက်ရှိစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ခြံစည်းရိုးကြက်ဆူပင်များကို ပြည်နယ်အတွင်းရှိ မြို့နယ်တိုင်း၌ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

* ▶ **ဤမြေ၊ ဤရေ၊ ဤဒေသတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ အေးအတူ ပူအမျှ စည်းလုံးညီညွတ်စွာ ချစ်ချစ်ခင်ခင် နေထိုင်လာခဲ့ကြရာ ယနေ့ကာလတိုင်ဖြစ်သည်။ ထို့ကြောင့်ပင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်သည် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ်တွင် အခြေတည်၍ ပိုမိုမြဲမြံ ခိုင်ကျည်လာခြင်း ဖြစ်သည်။**

ခေါင်းကြီး (စာမျက်နှာ-၂)

* ▶ **ရေသည် ခွဲခြား၍မရ၊ တစ်သားတည်း တစ်ပြင်တည်း တည်ရှိနေသကဲ့သို့ အတာရေပက်ဖျန်း ကစားကြသူအပေါင်းတို့သည်လည်း တစ်ဦးနှင့်တစ်ဦး ကွဲပြားခြင်းမရှိ၊ ခြားနားခြင်းမရှိ၊ ရင်းနှီးချစ်ကြည်မှု ရှိကြမည်သာဖြစ်သည်။ သွေးရင်းသားချင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတွင် ပါဝင်ဆင်နွှဲကြရင်း တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်နှမများပမာ စည်းလုံးညီညွတ်ခြင်း၊ အေးမြသော မေတ္တာရေနှင့်အတူ ကြည်နူးချမ်းမြေ့ခြင်းဟူသော အနှစ်သာရများဖြင့် လွှမ်းခြုံလျက်ရှိကြမည်ဖြစ်သည်။**

ကြည်ဝင်းညွှန့်၏ **"အတာနှစ်ကူး တန်ခူးသင်္ကြန်"**

ဆောင်းပါး (စာမျက်နှာ-၃)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၁၂-၄-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

ကောင်းမြတ်သော အစဉ်အလာ ဆက်လက်ထိန်းသိမ်း နိုင်ငံတော်ကာကွယ်ရေးတာဝန် ရှုပ်ရှုပ်ချုံချုံထမ်းဆောင်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းပဝေသဏီကပင် ဘိုးဘွားတို့က ဓားမဦးချ လယ်သစ်တည်၊ ကျီသစ်ဆောက်၍ နေထိုင်လာခဲ့ကြသည့် နေရာဖြစ်သည်။ မြစ်ကြီးလေးသွယ်၊ ချောင်းမြောင်းအင်းအိုင်များနှင့် အဖိုးတန်သစ်တောကြီးများ တည်ရှိနေပြီး ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါနှင့်သီးနှံစုံ စိုက်ပျိုးဖြစ်ထွန်းနေသည့် မြန်မာ့မြေပေါ်တွင် တိုင်းရင်းသား မျိုးနွယ်များ အစဉ်အဆက်နေထိုင်လာခဲ့ကြသည်။

ဤမြေ၊ ဤရေ၊ ဤဒေသတွင် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများ အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ ချစ်ချစ် ခင်ခင် နေထိုင်လာခဲ့ကြရာ ယနေ့ကာလတိုင်ဖြစ်သည်။ ထို့ကြောင့်ပင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်သည် ခိုင်မာသော ပြည်ထောင်စု စိတ်ဓာတ်အပေါ်တွင် အခြေတည်၍ ပိုမိုမြဲမြံခိုင်ကျည်လာခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ပေါက်ဖွားလာခဲ့သော မျိုးချစ်တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးဟူသည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။ နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ဆက်လက်သယ်ပိုး ကာကွယ်စောင့်ရှောက်လျက် ရှိသည်။

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀၉)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဧပြီလ ၁၀ ရက်နေ့က ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်း ကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ် ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတက်ရောက် ၍ မိန့်ခွန်းပြောကြားသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက မိန့်ခွန်းပြောကြားရာတွင် **စည်းကမ်းကောင်းမွန်ခြင်း၊ အမိန့်နာခံတတ်ခြင်းနဲ့ ရဲဘော်စိတ် ရှိခြင်း တို့ကြောင့် တပ်မတော်ရဲ့စည်းလုံးညီညွတ်မှုဟာ ခိုင်မာခဲ့တယ်။ ထို့အတူပဲ “ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏”ဆိုတဲ့ သစ္စာတရား ကြောင့်လည်း မြင့်မြတ်တဲ့ တပ်မတော်အဖြစ် အစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့တာဖြစ်တယ်။ ဒါကြောင့် မွန်မြတ်တဲ့ တပ်မတော်ရဲ့ အစဉ်အလာ (၁၂)ရပ်ကို ဆက်လက်သယ်ပိုးသွားကြပါ** ဟူ၍ မှာကြား သွားသည်။

တပ်မတော်သည် မျိုးချစ်တပ်မတော်ဖြစ်သည်နှင့်အညီ နိုင်ငံတော် ၌ အခက်အခဲ အန္တရာယ်များနှင့်ကြုံတွေ့ရတိုင်း ပြည်သူနှင့် တပ်မတော် လက်တွဲပြီး နိုင်ငံတော်ကို စွန့်လွှတ်စွန့်စား ကာကွယ် စောင့်ရှောက်လာခဲ့သည်။ ယနေ့ကာလတွင်လည်း တပ်မတော်နှင့် ပြည်သူ ကြည်ဖြူစွာလက်တွဲ၍ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်လျက်ရှိသည်။

တပ်မတော်သည် စတင်ဖွဲ့စည်းစဉ်ကတည်းက ပင်ကိုအသိ စိတ်ဓာတ်ဖြင့် စည်းကမ်းကောင်းမွန်ခဲ့ခြင်းကြောင့် စနစ်ကျသော တပ်မတော်အဖြစ် ခိုင်မာစွာရပ်တည်လာခဲ့သည်။ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သကဲ့သို့ တပ်မတော်၏ မဏ္ဍိုင်လည်းဖြစ်သည်။ တပ်မတော်သားများသည် စစ်ဘက်ဥပဒေ၊ စစ်စည်းကမ်းများနှင့် အတူစစ်သည်တော်ကျင့်ဝတ်များကို မြဲမြံစွာလိုက်နာလျက်ရှိကြသည်။ ထို့အတူ တပ်မတော်သားများသည် နယ်ဘက်ဥပဒေများကိုလည်း လိုက်နာစောင့်ထိန်းလျက်ရှိကြသည်။

သို့ဖြစ်ရာ ဗိုလ်လောင်းသင်တန်းဆင်း အရာရှိငယ်များအနေဖြင့် တပ်မတော်၏ကောင်းမြတ်သောအစဉ်အလာများကိုဆက်လက်ထိန်းသိမ်း ရင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များအား ရှုပ်ရှုပ်ချုံချုံ သယ်ပိုး ထမ်းဆောင် သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှေးဟောင်းစကြာရှင် ဇမ္ဗူအေးတစ်ဆယ့်တစ်မီးငြိမ်းစေတီတော် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် အထွတ်တင်လှူပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တော်မြတ်ရှိ ရှေးဟောင်းစကြာရှင် ဇမ္ဗူအေးတစ်ဆယ့်တစ်မီးငြိမ်းစေတီတော်မြတ်အား စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အထွတ်တင်လှူပွဲကို ဧပြီ ၉ရက် နံနက် ၉နာရီတွင် ယင်းစေတီတော်မြတ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဆောင်သစ်အတွက် အလှူငွေများကို လက်ခံသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဧည့်ပရိသတ်တို့သည် ပန်းတစ်ပွင့်တောင် သာသနာပြု တောရ ကျောင်းဆရာတော် သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တပညာသာရထံမှ ကိုးပါး သီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်ဇနီးနှင့် တာဝန်ရှိသူများ သည် မင်္ဂလာအချိန်တွင် တပ်မတော် (လေ)မြလေယာဉ် ထီးတော်တင်အဖွဲ့မှ မင်္ဂလာပန်းရထားဖြင့် ဖွန်းပုံ၊ ငှက်မြတ် နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်သို့ ပင့်ဆောင် တင်လှူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တာဝန်ရှိသူများသည် ပန်းတစ်ပွင့် တောင်တော်မြတ်ရှိ ရှေးဟောင်းစကြာရှင် ဇမ္ဗူအေး တစ်ဆယ့်တစ်မီးငြိမ်း စေတီတော်မြတ် အထွတ်သို့ တက်ရောက်ကြပြီး စိန်ဖူး တော်နှင့် အရံစေတီတော်များ၏ စိန်ဖူး တော်များကို တင်လှူပူဇော်ပေးကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း ပူဇော်ကြသည်။

ထို့နောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ပန်းတစ်ပွင့်တောင် သာသနာပြု တောရကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်၍ အလှူငွေများ ကို လက်ခံသည်။

ယင်းအလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားကို ပန်းတစ်ပွင့်တောင် တောရ ကျောင်းတိုက် မဟာမေ့ သုခဇိမာန်၌ ကျင်းပရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးအောင် မျိုးနှင့်ဇနီး ဒေါ်ခင်သူဇာ မိသားစုက ငွေကျပ်သိန်း ၇၀၊ ဦးအောင်မိုးကျော် နှင့် ဇနီး ဒေါ်နန်းရွှေဝါဝင်း မိသားစုက ငွေကျပ်သိန်း ၂၀၊ ဦးကြည်ရှိန်နှင့်ဇနီး ဒေါ်စိုးစန္ဒာအောင်မိသားစုက ငွေကျပ် သိန်း ၂၀၊ ဦးဖေသန်းနှင့်ဇနီး ဒေါ်ခင် ထွေးခိုင် မိသားစုက ငွေကျပ် ၁၅သိန်း၊ ဦးတီတိုးနှင့်ဇနီးတို့က ငွေကျပ် ၁၀သိန်း၊ ဗိုလ်မှူးသူရိန်ကျော်နှင့် ဇနီး ဒေါ်နန်း ကလျာစိုး မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးငြိမ်းနှင့်ဇနီး ဒေါ်အုန်း ကြင်(OK ဆန်ပွဲရုံ)က ငွေကျပ် နှစ်သိန်း၊ ဗိုလ်မှူးချုပ် သူရမောင်နီ (ငြိမ်း) နှင့် ဇနီးဒေါ်နန်းမြင့်စိန် မိသားစု က ငွေကျပ်တစ်သိန်းနှင့် ဦးလှဌေးနှင့်

ဇနီး ဒေါ်တင်နွယ်ဦး(မှန်ချိုဆေးတိုက်)က ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြပြီး ကာကွယ်ရေးဝန်ကြီးဌာန မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံသည်။ (သတင်းစဉ်)

ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ဦးအောင်မျိုးနှင့် ဇနီး ဒေါ်ခင်သူဇာ မိသားစုက အလှူငွေ ကျပ်သိန်း ၇၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

၁၃၆၇/ ၁၃၆၈ ခုနှစ်အတွက် မဟာသင်္ကြန်အခါတော်နှင့် (အကျ၊ အကြတ်၊ အတက်)ရက်နှင့် မြန်မာ-ရခိုင် (ဝါဆို၊ ဝါကပ် လရက်များ) ကြေညာ

ရန်ကုန် ဧပြီ ၁၁

မဟာသင်္ကြန်အကျရက်

ဇေယတု မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် နှောင်းတန်ခူး လပြည့်ကျော် ၂ ရက် သောကြာနေ့

ရခိုင်သက္ကရာဇ် ၁၃၆၇ ခုနှစ် တာကူးလပြည့်ကျော် ၂ရက် သောကြာနေ့

ခရစ်နှစ် ၂၀၀၆ ခု ဧပြီလ ၁၄ ရက် သောကြာနေ့

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ မြန်မာစံတော်ချိန် နံနက်စက် ၈ နာရီ ၃၇ မိနစ် ၄၆ စက္ကန့်အချိန်တွင် မဟာသင်္ကြန်အကျဖြစ်သည်။

မဟာသင်္ကြန်အကြတ်ရက်

မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်

ရခိုင်သက္ကရာဇ်၁၃၆၇ခုနှစ် တာကူးလပြည့်ကျော် ၃ရက်

ခရစ်နှစ် ၂၀၀၆ ခု ဧပြီလ ၁၅ ရက် မဟာသင်္ကြန် အကြတ်ရက်ဖြစ်သည်။

မဟာသင်္ကြန်အတက်ရက်

မြန်မာသက္ကရာဇ် ၁၃၆၇ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၄ ရက် တနင်္ဂနွေနေ့

ရခိုင်သက္ကရာဇ် ၁၃၆၇ ခုနှစ် တာကူးလပြည့်ကျော် ၄ ရက် တနင်္ဂနွေနေ့

ခရစ်နှစ် ၂၀၀၆ ခု ဧပြီလ ၁၆ ရက် တနင်္ဂနွေနေ့ မဟာ သင်္ကြန် အတက်ရက်ဖြစ်ပါသည်။ နေ့လယ်(နေ့လွဲ) စက် ၁၂ နာရီ ၄၂ မိနစ် ၂၈ စက္ကန့် အချိန်တွင် မဟာသင်္ကြန် တက်ပါသည်။

မြန်မာ ရခိုင် နှစ်ဆန်းတစ်ရက်

မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် ဦးတန်ခူးလပြည့်ကျော်၅ရက် တနင်္လာနေ့

ရခိုင်သက္ကရာဇ် ၁၃၆၈ ခုနှစ် တာကူးလပြည့်ကျော် ၅ ရက် တနင်္လာနေ့

ခရစ်နှစ် ၂၀၀၆ ခု ဧပြီလ ၁၇ ရက် တနင်္လာနေ့သည် မြန်မာ ရခိုင် နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။

၁၃၆၈ ခုနှစ် အဓိမာသ အချာပ(လထပ် ရက်ငင်) မရှိသောနှစ်ဖြစ်သည်။

ဗုဒ္ဓဘာသာသာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်မြတ် တို့မှာ မြန်မာ ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက် တနင်္လာနေ့

ရခိုင် ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက် တနင်္လာနေ့

ခရစ် ၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၀ ရက် တနင်္လာနေ့တွင် ပထမ ပုရိမဝါကပ်ဆိုတော်မူကြ၍ မြန်မာ ရခိုင်သက္ကရာဇ် ၁၃၆၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ရက် ဗုဒ္ဓဟူးနေ့ ခရစ်နှစ် ၂၀၀၆ခု ဩဂုတ်လ ၉ရက် ဗုဒ္ဓဟူးနေ့တွင် ဒုတိယ ပစ္ဆိမဝါကပ်ဆိုတော်မူကြရမည် ဖြစ်သည်။ (သတင်းစဉ်)

အတာနှစ်ကူး တန်ခူးသင်္ကြန်

ကြည်ဝင်းညွန့်

တန်ခူးနေသည် ကြည်လင်တောက်ပသည်နှင့်အမျှ အပူရှိန်ပြင်းလှသည်။ နွေလွင်ပြင်ကိုဖြတ်၍ တိုက်ခတ်လာသော တန်ခူးလေသည်ပင်လျှင် ပူနွေးနေသည်။ ပတ်ဝန်းကျင်တစ်ခိုရှိ သစ်ပင်ပန်းမန်တို့၏ အရိပ်အာဝါသတို့ကြောင့် အပူဒဏ်မှ သက်သာရာရစေသည်။ ပင်အို၊ ပင်ပျိုတို့ထက်တွင် ရွက်နုရွက်သစ်တို့ ဝေနေပြီ။ ကံ့ကော်ပန်းများ ဖူးပွင့်သင်းထုံလျက်ရှိသည်။ မကြာမီရက်ပိုင်းက ရွာသွန်းသွားသည့် သင်္ကြန်မိုးပြေးနှင့်အတူ ပိတောက်ပန်းများ ပွင့်လန်းခဲ့ပြီ။ တန်ခူးနွေနှင့် တန်ခူးလေတွင် ပန်းပိတောက်ရနံ့တို့ သင်းပျံ့ထုံသင်းနေဆဲ။ အချို့သော ပိတောက်ပင်တို့ထက်မှ ပင်လုံးညွတ်မျှသော ပိတောက်ဖူးများက ဆက်လက်ပွင့်လန်းကြရန် သင်္ကြန်မိုးကို စောင့်ကြိုင့်လင့်နေဆဲဖြစ်သည်။

ဟိုအနား၊ သည်အနားဖြတ်သွားလျှင်ပင် မြူးမြူးကြွကြွ သင်္ကြန်တေးသီချင်းသံများကို ကြားနေရပြီ။ မြန်မာတို့၏ ပျော်ရွှင်စရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်သို့ မကြာမီ ရောက်ရှိလာတော့မည်။

မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်ကို မဟာသင်္ကြန်ပွဲတော်ဟု ခေါ်ဆိုကြသည်။ သင်္ကြန်သည် သက္ကတဘာသာ သင်္ကြန္တမှဖြစ်ပေါ်လာသည်။ ကူးပြောင်းသည်ဟု အဓိပ္ပာယ်ရသည်။ မြန်မာအဘိဓာန်တွင် သင်္ကြန်ကို နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်ကာလ၊ ရေပက်ဖျန်းသည့် နှစ်သစ်ကူးပွဲတော်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သည့် မြန်မာ့နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို တန်ခူးလတွင် ကျင်းပသည်။ မြန်မာနိုင်ငံတွင် တစ်ဆယ့်နှစ်လရာသီပွဲတော်များရှိသည့်အနက် တန်ခူးလတွင် ကျင်းပသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲမှာ အထူးခြားဆုံး၊ ပျော်ရွှင်ကြည်နူးဖွယ်ရာ အကောင်းဆုံးဖြစ်သည်။ ပူအိုက်သော နွေကာလတွင် ရေဖျန်းပက်ကစားကြရသော ရာသီပွဲတော်ဖြစ်၍ လူကြီး၊ လူငယ်အရွယ်မရွေး ပျော်ရွှင်ကြည်နူးစွာ ပါဝင်ဆင်နွှဲကြသည်။

သင်္ကြန်ပွဲတော်တွင် ရေပက်ဖျန်းကစားကြခြင်းသည် အပူရှိန်မှ သက်သာစေသည်သာမက အဓိပ္ပာယ် လေးနက်သော အခြား အကြောင်းတရားများလည်း ပါဝင်သည်။ ရေသည် အေးမြကြည်လင်သကဲ့သို့ ရေဖြင့်ပက်ဖျန်းကစား ကြသူတို့သည်လည်း အေးမြကြသည်။ ပျော်ရွှင်ဝမ်းမြောက်ကြည်နူးကြရသည်။

ရေသည် အညစ်အကြေးများကို သန့်ရှင်းစင်ကြယ်စေသကဲ့သို့ အတာရေပက်ဖျန်းကစားကြသူများသည်လည်း နှစ်ဟောင်းမှ ဘေးဥပဒ်အန္တရာယ်များ၊ စိတ်ဆိုးစိတ်ညစ်များ ကင်းစင်လွင့်ပျောက် သန့်ရှင်းစင်ကြယ်သွားစေမည်သာဖြစ်သည်။

ထို့အပြင် ရေသည် ခွဲခြား၍မရ၊ တစ်သားတည်း တစ်ပြင်တည်းတည်ရှိနေသကဲ့သို့ အတာရေပက်ဖျန်း ကစားကြသူအပေါင်းတို့သည်လည်း တစ်ဦးနှင့်တစ်ဦး ကွဲပြားခြင်းမရှိ၊ ခြားနားခြင်းမရှိ၊ ရင်းနှီးချစ်ကြည်မှုရှိကြမည်သာ ဖြစ်သည်။ သွေးရင်းသားချင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတွင် ပါဝင်ဆင်နွှဲကြရင်း တစ်အူထုံ့ဆင်း ညီရင်းအစ်ကိုမောင်နှမများပမာ စည်းလုံးညီညွတ်ခြင်း၊ အေးမြသော မေတ္တာရေနှင့်အတူ ကြည်နူးချမ်းမြေ့ခြင်းဟူသော အနှစ်သာရများဖြင့် လွှမ်းခြုံလျက်ရှိ ကြမည်ဖြစ်သည်။

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲဆင်နွှဲရာတွင် တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထား၍ အေးမြစေကြောင်း၊ သန့်စင်ကြည်လင်စေကြောင်း စိတ်ကောင်းစေတနာမွန်ဖြင့် ယဉ်ကျေးစွာ ရေကစားသင့်ကြသည်။ သို့မှသာ မြန်မာ့သင်္ကြန်၏ ပျော်ရွှင်ကြည်နူးဖွယ်ရာများကို ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ကြပေမည်။

မြန်မာ့ရိုးရာအတာသင်္ကြန်တွင် သင်္ကြန်အကြိုနေ့မှသည် သင်္ကြန်အတက်နေ့အထိ ကာလကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ရက်များအဖြစ် သတ်မှတ်၍ ပျော်ရွှင်စွာရေဖျန်းပက်ကစားကြသည်။ တစ်နှစ်တွင် တစ်ကြိမ်သာ ကြုံကြိုက်ရသည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကြီးတွင် လူငယ်လူရွယ်များ ပျော်ပျော်ရွှင်ရွှင် ရေကစားကြမည်ဖြစ်သည်။

ဤနေရာတွင် အလျဉ်းသင့်၍ တင်ပြလိုသည်မှာ လူငယ်လူရွယ်များ ပျော်ရွှင်စွာရေကစားကြရာ၌ သင်္ကြန်ပွဲတော်၏ အဓိပ္ပာယ်နှင့် အနှစ်သာရများကို အစဉ်သတိရဆင်ခြင်ပြီး အသိတရားဖြင့် ယဉ်ယဉ်ကျေးကျေး ပါဝင်ဆင်နွှဲကြရန် ဖြစ်သည်။

ရှေးကာလက အတာသင်္ကြန်ပွဲတော်တွင် ရေကစားကြရာ၌ ငွေဖလားအတွင်း စန္ဒကူးနံ့သာ အမွှေးရည်များ ထည့်၍ မွှေးပျံ့သောရေစင်များဖြင့် ယဉ်ကျေးသိမ်မွေ့စွာ သွန်းလောင်းကြသည်။ သပြေခက်ဖြင့် တစ်ဦးကိုတစ်ဦး ဖျန်းပက်၍ ရေကစားကြသည်။ ယင်းသို့ တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်စွာ အေးမြသောရေ၊ မွှေးပျံ့သောရေတို့ဖြင့် သွန်းလောင်းဖျန်းပက်ကစားကြသဖြင့် ရေပက်သူရော ရေပက်ခံရသူတို့ပါ ပျော်ရွှင်ချမ်းမြေ့ကြရသည်။ ကြည်နူးပီတိဖြစ်ကြရသည်။

ယခုခေတ် ရေကစားကြသူများအနေဖြင့် ယဉ်ကျေးသိမ်မွေ့သော မြန်မာ့ရိုးရာသင်္ကြန်ပွဲ၏ ထုံးတမ်း စဉ်လာများကို ဆက်လက်ထိန်းသိမ်းသင့်ပေသည်။ မြန်မာ့ရိုးရာသင်္ကြန်ရက်များအတွင်း ရေသဘင်ပွဲဆင်နွှဲသူများသည် မူးယစ်သောက်စားရမ်းကားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မြန်မာ့ယဉ်ကျေးမှုကို ဖီလာဆန့်ကျင်သည့် သရုပ်ပျက် ပြုမူပြောဆိုခြင်းများ မပြုလုပ်မိစေရန်လည်း သတိပြုထိန်းသိမ်းဆင်ခြင်ကြရမည်ဖြစ်သည်။

အထူးသဖြင့် အချို့သော လူငယ်လူရွယ်များအကြား ပြည်ပက ယှက်နွှယ်လွှမ်းမိုးလာသည့် တိုင်းတစ်ပါး အမူအကျင့်၊ ခလေ့စရိုက် ဝတ်စားဆင်ယင်မှုများကို အတုယူ၍ သင်္ကြန်ပွဲတော်အတွင်း အမြင်မတင့်တယ်သည့် ဝတ်စားဆင်ယင်မှုများ၊ စိတ်လွတ်ကိုယ်လွတ် ပြုမူမှုများ မဖြစ်စေရေးအတွက် တစ်ဦးချင်း တစ်ယောက်ချင်း အသိတရားရှိရှိဖြင့် ဆင်ခြင်ပြီး အတာရေသဘင်ကို ပျော်ရွှင်စွာ ဆင်နွှဲကြရန်ဖြစ်သည်။ မိဘ၊ အုပ်ထိန်းသူများ အပါအဝင် တာဝန်ရှိသူတို့ကလည်း ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဖြစ်ပါသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် နှစ်စဉ်စည်စည်ကားကား ခြိမ့်ခြိမ့်သဲသဲ ကျင်းပမြဲဖြစ်ရာ ယခုနှစ်သင်္ကြန်ပွဲတော်တွင်လည်း ပြည်သူများအားလုံး ပျော်ရွှင်ချမ်းမြေ့စွာ အေးအေးချမ်းချမ်း ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။

မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီပွဲတော်များအနက် မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် ပျော်ရွှင်ကြည်နူးဖွယ်ရာများဖြင့် ပြည့်စုံသည်သာမက မြတ်နိုးဖွယ်ရာမြန်မာ့ဓလေ့ထုံးတမ်းများနှင့်အညီ မွန်မြတ်သော ကောင်းမှုကုသိုလ်တရားပွားများကြသောပွဲတော်လည်းဖြစ်သည်။

သင်္ကြန်ပွဲတော်တွင် အမျိုးသား၊ အမျိုးသမီးမရွေး လူကြီး၊ လူငယ်အားလုံးစုပေါင်းကာ စေတီပုထိုးနှင့် ဗုဒ္ဓရုပ်ပွားတော်များကို ရေသပ္ပာယ်ကြသည်။ အချို့ကစေတီတော်များကို ထုံးဖြူ သင်္ကန်းများကပ်လှူပူဇော်ကြသည်။ ဘုရား၊ ကျောင်းကန်၊ ဇရပ်များကို သန့်ရှင်းရေး ပြုလုပ်ပေးကြသည်။ မြို့ရွာရပ်ကွက် ကျေးရွာများအတွင်း အမှိုက်များ ရှင်းလင်းခြင်း၊ ရေတွင်း၊ ရေကန်များ တူးဖော်ဆယ်ဖို့ပေးခြင်းများ စုပေါင်းပြုလုပ်ကြသည်။

ထို့ပြင် မြို့ရွာ၊ ရပ်ကွက်များအတွင်းရေချိုးခန်းများပြုလုပ်၍ သက်ကြီးရွယ်အိုများအား ရေချိုး သန့်စင်ပေးခြင်း၊ တရော်ကင်ပွန်းတို့ဖြင့် ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းများညှပ်၍ သန့်စင်ပေးခြင်း မိဘ၊ ဆရာ သမားတို့အားပူဇော်ကန်တော့ခြင်းများပြုလုပ်ကြမြဲဖြစ်သည်။

သင်္ကြန်ရက်များအတွင်း မုန့်ဖက်ထုပ်၊ မုန့်လုပ်ဆောင်း၊ မုန့်လုံးရေပေါ်၊ သာကူ၊ ရွှေရင်အေးစသည့် မြန်မာ့ရိုးရာမုန့်များ ဖွယ်ဖွယ်ရာရာပြုလုပ်၍ တစ်အိမ်နှင့်တစ်အိမ် အပြန်အလှန်လက်ဆောင်ပေးကြ၊ တစ်ဦးကိုတစ်ဦး ဖိတ်ခေါ်ကျွေးမွေးကြသည်မှာလည်း မြတ်နိုးဖွယ်ရာ မြန်မာ့ဓလေ့ဖြစ်သည်။

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကြီးကို ပျော်ရွှင်စွာဆင်နွှဲကြပြီးလျှင် နှစ်ဟောင်းလွန်မြောက်၍ နှစ်သစ်သို့ ကူးပြောင်းရောက်ရှိတော့မည် ဖြစ်သည်။ နှစ်သစ်ကို ကောင်းမြတ်သော ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးတို့ဖြင့် ကုသိုလ်ကောင်းမှုပြု၍ကြိုဆိုကြရပါဦးမည်။

မြန်မာ့နှစ်သစ်၊ နှစ်ဦး နှစ်ဆန်းတစ်ရက်နေ့တွင် ပြည်သူများအားလုံး၏ ကိုယ်စိတ်နှစ်ပါး၌ ငြိမ်းချမ်းခြင်း၊ သာယာချမ်းမြေ့ခြင်း၊ ကြည်နူးခြင်းများ လွှမ်းခြုံလျက်ရှိကြသည်။ အလှူရေစက်လက်နှင့် မကွာ ဒါနကောင်းမှုများ ပြုကြမြဲဖြစ်ပါသည်။

သင်္ကြန်ရက်များအတွင်းကောင်းမှုကုသိုလ် အဖြာဖြာကို ပြုခဲ့ကြရုံမျှမက နှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင်လည်း စေတီပုထိုး၊ ဘုရားကျောင်းကန်များသို့သွားရောက်၍ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ တရားဘာဝနာပွားများအားထုတ်ခြင်း၊ အလှူဒါနပြုခြင်း၊ ဘုရားရုပ်ပွားတော်များအား အမွှေးနံ့သာရည်များဖြင့် သပ္ပာယ်ပူဇော်ခြင်းများ ပြုကြမြဲဖြစ်သည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သံဃာတော်အရှင်သူမြတ်များက မြန်မာပြည်သူအားလုံး ဘေးအန္တရာယ် အပေါင်းမှ ကင်းရှင်းစေကြောင်း မေတ္တာ၊ ကရုဏာစိတ်ထားဖြင့် ပရိတ်တရားတော်များ ရွတ်ဖတ်ဟောကြားချီးမြှင့်ကြသည်။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် လမ်းများတွင် အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

နှစ်ဟောင်းမှနှစ်သစ်သို့ကူးပြောင်းသည့် နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်တွင် ပြည်သူအားလုံး ပျော်ရွှင် ချမ်းမြေ့စွာပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။ မြတ်နိုးဖွယ်ရာ အတာသင်္ကြန်ပွဲတော်တွင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထားပြီးအေးမြသောရေ၊ မွှေးပျံ့သောရေတို့ဖြင့် သွန်းလောင်းဖျန်းပက်၍ ယဉ်ကျေးသိမ်မွေ့စွာ ရေကစားကြပါမည်။ မြန်မာတို့၏ နှစ်သစ်ကာလ အခါသမယကို အတာနှစ်ကူး တန်ခူးသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာဆင်နွှဲရင်း ကြိုဆိုကြပါဦးမည်။ ။

မဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့ သိမ်ဖြူအားကစားကွင်းရှိ ရခိုင်ရိုးရာသင်္ကြန်မဏ္ဍပ်၌ အပြန်အလှန် ပျော်ရွှင်စွာ ရေပက်ကစားကြသည်ကို တွေ့ရစဉ်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၇:၁၅** ၄။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၆။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၄၅** ၈။ ခါသင်္ကြန်အဆိုအကများ
- **၇:၅၅** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၂။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၃။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- **၄:၁၅** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၂၀** ၅။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၃၀** ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄:၃၅** ၇။ ခါသင်္ကြန်အဆိုအကများ
- **၄:၄၀** ၈။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၉။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- **၅:၀၀** ၁၀။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅:၂၀** ၁၁။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅:၃၀** ၁၂။ ခါသင်္ကြန်အဆိုအကများ
- **၅:၄၅** ၁၃။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၅။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၆။ မိုးလေဝသသတင်း
- **၆:၂၅** ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၈။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" (အပိုင်း-၁၅)**
- **၈:၀၀** ၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၂။ English Usage.
- ၂၃။ ဗွီစီဒီကျော်ကြားတေးများ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကောင်းကင်သိုင်းကွက်" (အပိုင်း-၂၀)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

အာရှနိုင်ငံများတွင် နှလုံးရောဂါ တိုက်ဖျက်ရေး ကြိုးပမ်းရန် တိုက်တွန်း

ကရာချိ ဧပြီ ၁၀

တောင်အာရှဒေသရှိ နိုင်ငံများသည် နှလုံးရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တောင်အာရှဒေသ နှလုံးရောဂါ တိုက်ဖျက်ရေးအသင်း တာဝန်ရှိသူတစ်ဦးက တိုက်တွန်းလိုက်ကြောင်း ဧပြီ ၇ရက် သတင်းများတွင် ဖော်ပြထားသည်။ တောင်အာရှဒေသသည် အာရှတိုက်တွင် နှလုံးရောဂါဖြစ်ပွားသူဦးရေ များပြားသည့် ဒေသဖြစ်လာသည်။

ယင်းမှာ ဆေးရုံဆေးခန်းများ ပြည့်စုံမှုမရှိခြင်းနှင့် ပြည်သူများ၏ ကျန်းမာရေးအသိစိတ်ဓာတ် နိုးကြားမှုမရှိခြင်းတို့ကြောင့် ဖြစ်ရကြောင်း၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးလာခြင်း၊ ဆေးလိပ်နှင့် စီးကရက်သုံးစွဲမှု များပြားခြင်း စသည့် အကြောင်းတရားများသည်လည်း နှလုံးရောဂါဖြစ်ပွားသူဦးရေ တိုးတက်စေသော အဓိကအကြောင်းတရားဖြစ်ကြောင်း တောင်အာရှနှလုံးရောဂါတိုက်ဖျက်ရေးအသင်း ဥက္ကဋ္ဌ ပါမောက္ခမန်ဆူးအာမက်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် မကြာသေးမီက တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဆာအတ်) နှလုံးရောဂါတိုက်ဖျက်ရေး ညီလာခံတစ်ရပ်ကို ကျင်းပခဲ့ရာတွင် နှလုံးရောဂါတိုက်ဖျက်ရေး နည်းလမ်းများနှင့်ပတ်သက်၍ ဒေသဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

နှလုံးရောဂါဖြစ်ပွားသူဦးရေ လျှော့ချနိုင်ရန် အစိုးရအဖွဲ့များက ကျန်းမာရေးကဏ္ဍတွင် အသုံးစရိတ်တိုးမြင့်သုံးစွဲရန် လိုအပ်ကြောင်း၊ ၎င်းအပြင် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ကိရိယာများ ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် အကောက်ခွန်နှုန်းထားများကို လျှော့ချကောက်ယူရန် လိုအပ်ကြောင်း ပါမောက္ခ အာမက်က ပြောကြားသည်။

နှလုံးရောဂါကို ထိန်းချုပ်နိုင်ရေးအတွက် ကြိုးပမ်းရာတွင် ပြည်သူလူထုကို ကျန်းမာရေးအသိပညာ ပိုမို၍ ဖြန့်ဖြူးပေးရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

တရုတ်နိုင်ငံဟေဘေးပြည်နယ် ရှဟီးမြို့ တောင်ပေါ်ကျေးရွာဒေသတွင် ဓာတ်ပုံပြိုင်ပွဲ ပြသနေသည်ကို ဧပြီ ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီဂျစ်၌ ရှေးဟောင်း ဖာရိုဘုရင် အုတ်ဂူအတွင်း ခန်းမဆောင် ရှာဖွေတွေ့ရှိ

ကိုင်ရို ဧပြီ ၁၀

အီဂျစ်နိုင်ငံ တောင်ပိုင်းတွင် ရှေးဟောင်းဖာရိုဘုရင်၏ အုတ်ဂူအတွင်း တည်ဆောက်ထားသော ခန်းမဆောင်ကို အီဂျစ်နှင့် စပိန် ရှေးဟောင်းသုတေသနပညာရှင်များပါဝင်သော အဖွဲ့တစ်ဖွဲ့က ရှာဖွေတွေ့ရှိကြောင်း အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသည့် အီဂျစ်ဂေဇက်သတင်းစာက သောကြာနေ့တွင် ရေးသားဖော်ပြသည်။

မြို့တော် ကိုင်ရိုတောင်ဘက် ကီလိုမီတာ ၆၇၀ခန့်အကွာ ရှေးဟောင်းမြို့ကြီးဖြစ်သော လပ်ဆောမြို့တွင် ဖာရိုဘုရင်အုတ်ဂူ၏ ခန်းမဆောင်ကို ရှာဖွေတွေ့ရှိရကြောင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ဗဟိုကောင်စီ၏ အတွင်းရေးမှူးချုပ် ဇာဟီဟာဝါ့ဇ်က ပြောကြားသည်။

နိုင်းမြစ်၏ အနောက်ဘက်ကမ်းနဖူးပေါ်ရှိ ဇီရာအဘူအယ်လ်နာဂါဒေသတွင် တည်ရှိသော ဖာရိုဘုရင်အုတ်ဂူတွင် ခန်းမဆောင်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ရှေးဟောင်းသုတေသနပညာရှင်များသည် ယင်းနေရာ၌ တူးဖော်မှုများပြုလုပ်ခဲ့သည်။ ယခုကဲ့သို့ ရှာဖွေတွေ့ရှိခြင်းဖြင့် ရှေးဟောင်းအီဂျစ်လူမျိုးများ အုတ်ဂူများတည်ဆောက်ပုံ နည်းလမ်းများနှင့်ပတ်သက်၍ သတင်းအချက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း ဇာဟီဟာဝါ့ဇ်က ပြောကြားသည်။ ရှေးဟောင်းအီဂျစ်နိုင်ငံ၏ တစ်ဦးတည်းသော အမျိုးသမီးဘုရင်မဖြစ်သည့် ဟက်ရှီဆတ်ဘုရင်မ (၁၅၀၂-၁၄၈၂ ဘီစီ)လက်ထက်က ဂူဘုရားကျောင်းများနှင့် အုတ်ဂူများကို မွမ်းမံစီရင်ပေးရသော ဆောက်လုပ်ရေးအရာရှိတစ်ဦးက ယင်းခန်းမဆောင်ကို တည်ဆောက်ခဲ့သည်ဟု ယူဆရသည်။

အဆိုပါ ခန်းမဆောင်သည် ၃၄ မီတာ ရှည်လျားပြီး နံရံများပေါ်တွင် ဆေးရေးပန်းချီများ ခြယ်သထားသည်။ ၎င်းအပြင် ရှေးခေတ်သုံး ဝေါဟာရအချို့ကိုလည်း တွေ့မြင်ရသည်။

အုတ်ဂူအတွင်းသို့ ဝင်ရောက်နိုင်သော ခန်းမဆောင်များကို ရှေးဟောင်းသုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ရာတွင် ယခုတွေ့ရှိခဲ့သော ခန်းမဆောင်သည် တွေ့ရှိဖူးသမျှ ခန်းမဆောင်များအနက် အရှည်လျားဆုံးဖြစ်ကြောင်း ဇာဟီဟာဝါ့ဇ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် ဂျပန်စိတ်ဝင်စား

နယူးဒေလီ ဧပြီ ၁၀

ဂျပန်နိုင်ငံသည် အိန္ဒိယနိုင်ငံရှိ လုပ်ငန်းကဏ္ဍများတွင် ပိုမို ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိကြောင်း အိန္ဒိယတာဝန်ရှိသူ တစ်ဦးက ဧပြီ ၇ရက်တွင် ပြောကြားသည်။ ဂျပန်နိုင်ငံသည် ၎င်း၏ ခိုင်မာအားကောင်းလှသော မော်တော်ယာဉ် ထုတ်လုပ်မှု လုပ်ငန်းကဏ္ဍအပြင် အိန္ဒိယနိုင်ငံ၏ မြို့ပတ်ရထားစီမံကိန်း၊ ဆောက်လုပ်ရေးစီမံကိန်းများ၊ လျှပ်စစ်ဓာတ်အားကိရိယာများ ထုတ်လုပ်ရေးလုပ်ငန်း၊ အထည်အလိပ် စက်ကိရိယာများ ထုတ်လုပ်ရေးလုပ်ငန်း၊ စားနပ်ရိက္ခာကုန်ချောထုတ်လုပ်မှု လုပ်ငန်းတို့တွင်လည်း ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်း အိန္ဒိယစက်မှုလုပ်ငန်းဝန်ကြီး ဒေါက်တာ အက်ရှ်ဝါနီကူးမားက သတင်းထောက်များအား ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ်သည် မေလအတွင်း ဂျပန်နိုင်ငံသို့ မသွားရောက်မီတွင် နှစ်နိုင်ငံ တာဝန်ရှိသူများက စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်ဖွယ်ရှိသည့်အချက်တို့နှင့် ပတ်သက်၍ ဆွေးနွေးကြခြင်းဖြစ်သည်။ ***အင်တာနက်။***

အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ် မီရွတ်မြို့တွင် ကုန်စည်ပြပွဲကျင်းပသည့်နေရာ၌ မီးလောင်နေသည်ကို ဧပြီ ၁၀ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



အိန္ဒိယတွင် ကုန်စည်ပြပွဲကျင်းပသည့်နေရာ၌ မီးလောင် အမျိုးသမီးနှင့် ကလေးများအပါအဝင် လူ ၁၀၀ ထက်မနည်းသေဆုံး

မီရွတ်(အိန္ဒိယ) ဧပြီ ၁၁

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် တနင်္လာနေ့က ကုန်စည်ပြပွဲကျင်းပနေချိန်အတွင်း မီးလောင်မှုဖြစ်ပွားရာ လူ၁၀၀ထက်မနည်း သေဆုံးကြောင်း၊ သေဆုံးသူအများစုမှာ အမျိုးသမီးများနှင့် ကလေးသူငယ်များဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီမြောက်ဘက် မိုင် ၅၀အကွာ မီရွတ်မြို့တွင် အီလက်ထရွန်းနစ်ပစ္စည်းများဆိုင်ရာ ကုန်စည်ပြပွဲ၌ ဖွင့်လှစ်ရောင်းချနေသည့် ဈေးဆိုင်တန်းများတည်ရှိရာနေရာတွင် လျှပ်စစ်ဝိုင်ယာလျှော့ဖြစ်ရာမှ မီးလောင်ကျွမ်းခြင်းဖြစ်သည်။ ရာသီဥတု အလွန်အမင်းပူပြင်းခြင်းကြောင့် အပူဒဏ်မှ သက်သာမှုရရှိစေရန် လေအေးစက်တပ်ဆင်ထားသည့် ဈေးဆိုင်တန်းသုံးခုတွင် ဈေးဝယ်များစုပြုံရောက်ရှိနေချိန်၌ မီးလောင်ကျွမ်းမှု ဖြစ်ပွားရာမှ လူအသေအပျောက်များပြားရခြင်းဖြစ်သည်ဟု ဆိုသည်။ ***အင်တာနက်။***

နျူကလီးယားဓာတ်အား ထုတ်လုပ်မှု ဖွံ့ဖြိုးရေး တောင်ကိုရီးယားနှင့် အင်ဒိုနီးရှား ပူးပေါင်းဆောင်ရွက်မည်

ဂျကာတာ ဧပြီ ၁၀

တောင်ကိုရီးယားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဧပြီ ၇ရက် သတင်းများတွင်ဖော်ပြထားသည်။ တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ဘန်ကီမွန်းသည် မကြာသေးမီရက်များအတွင်းက အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိခဲ့ရာတွင် နျူကလီးယားစွမ်းအင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ရန် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် အာရှတိုက်တွင် သိပ္ပံနှင့်နည်းပညာ တိုးတက်နေသော နိုင်ငံဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် နျူကလီးယား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းကို အင်ဒိုနီးရှားနိုင်ငံက ထုတ်ယူအသုံးပြုနိုင်ရန် နည်းပညာအကူအညီများပေးမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရည် ဝယ်ယူတင်သွင်းသော နိုင်ငံလည်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံတွင် လောလောဆယ်၌ နျူကလီးယား ဓာတ်ပေါင်းဖိုအလုံး ၂၀ကျော် ရှိသည်။ နိုင်ငံတွင် လိုအပ်သော လျှပ်စစ်ဓာတ်အား၏ ၄၀ ရာခိုင်နှုန်းခန့်ကို နျူကလီးယား ဓာတ်ပေါင်းဖိုများက ထုတ်လုပ်ပေးလျက်ရှိသည်။ ***အင်တာနက်။***

ဒီဂျစ်တယ် ရုပ်မြင်သံကြား အသံလွှင့်စနစ်ဖြင့် ထုတ်လွှင့်ပေးသော အစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်သည့် မိုဘိုင်းဖုန်းသစ်တစ်မျိုးကို ဧပြီ ၉ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အာဖဂန်နှင့် ပါကစ္စတန်နယ်စပ်တွင် ပါကစ္စတန်တပ်ဖွဲ့ဝင်တစ်ဦး စောင့်ကြပ်ကြည့်ရှုနေသည်ကို ဧပြီ ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်နှင့် ထိစပ်နေသည့် ပါကစ္စတန်နယ်စပ်တွင် လုံခြုံရေးတိုးမြှင့် လုပ်ဆောင်မည်ဟု မူရှာရက်ဖ် ပြောကြား

အစ္စလမ္မာဘတ် ဧပြီ ၁၀

အာဖဂန်နစ္စတန်နိုင်ငံနှင့် ထိစပ်နေသည့် ပါကစ္စတန်နိုင်ငံ၏ နယ်စပ်လုံခြုံရေးအတွက် ဖြစ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း ပါကစ္စတန်သမ္မတ ဗိုလ်ချုပ်ကြီး မူရှာရက်ဖ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ယင်းနယ်စပ်လုံခြုံရေးနှင့် စပ်လျဉ်း၍ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့တွင် ပူးတွဲတာဝန်ရှိကြောင်း၊ ယင်းကဏ္ဍနှင့် ပတ်သက်၍ ပါကစ္စတန်အနေဖြင့် နိုင်ငံတကာ မိတ်ဆွေနိုင်ငံများနှင့် ပူးတွဲကာ ဆက်လက်ဆောင်ရွက်သွားမည်ဟု မူရှာရက်ဖ်ကို ကိုးကား၍ နိုင်ငံခြားရေးဌာနက ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ သမ္မတ မူရှာရက်ဖ်က အစ္စလမ္မာဘတ်မြို့သို့ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ရစ်ချက်ဘောက် ချာနှင့်တွေ့ဆုံရာတွင်ယင်းသို့ပြောကြားခြင်းဖြစ်သည်။

မူရှာရက်ဖ်နှင့် ရစ်ချက်ဘောက်ချာတို့သည် ပါကစ္စတန်-အမေရိကန် ဆက်ဆံရေးနှင့် နှစ်နိုင်ငံနှင့် သက်ဆိုင်နေသည့် ဒေသဆိုင်ရာ ပြဿနာများကို ဆွေးနွေးညှိနှိုင်းကြသည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

တောင်အာရှရှိ ပဋိပက္ခဖြေရှင်းရေးအတွက် ကြိုးပမ်းမှုသည် အရေးပါကြောင်း မူရှာရက်ဖ်က အလေးထားဆွေးနွေးသည်ဟု ကြေညာချက်တွင် ပါရှိသည်။

အိန္ဒိယနှင့် ပါကစ္စတန်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ တာဝန်ယူမှုနှင့် ပြဿနာဖြေရှင်းရန် ပါကစ္စတန်က ကြိုးပမ်းနေပုံတို့ကိုလည်း မူရှာရက်ဖ်က အထူးအလေးထားဆွေးနွေးခဲ့သည်။ ယင်းပြဿနာများတွင် ဂျမ္မူနှင့် ကက်ရှ်မီးယားဒေသ အငြင်းပွားမှုကိစ္စလည်း ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှား၌ အဆောင်မီးလောင်မှုဖြစ်ပွား၊ သုံးဦးသေဆုံး

မော်စကို ဧပြီ ၁၀

ရုရှားနိုင်ငံ ဥရယ်တောင်တန်းဒေသရှိ အဆောင်တစ်ခု၌ ဧပြီ ၈ရက်တွင် မီးလောင်မှု ဖြစ်ပွားခဲ့ရာ သုံးဦး သေဆုံးပြီး၊ သုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု အရေးပေါ် ကယ်ဆယ်ရေးဌာနက ပြောကြားခဲ့သည်။

ရီကာတီရင်ဘတ်မြို့ လေးထပ်အဆောင်တစ်ခု မော်စကို စံတော်ချိန် နှစ်နာရီခန့်တွင် မီးလောင်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါမီးသည် မီတာ ၁၅၀ ပတ်ဝန်းကျင်ထိ လျင်မြန်စွာကူးစက်သွားပြီး ထိုအဆောင်၏ ဆယ်ပုံတစ်ပုံ မီးလောင်ကျွမ်းခဲ့သည်။ မီးသတ်သမားများသည် ထိုမီးလောင်မှုကို သုံးနာရီမျှ ငြိမ်းသတ်ခဲ့ရသည်။

မီးလောင်ကျွမ်းမှုကြောင့် သုံးဦး သေဆုံးခဲ့ပြီး၊ ၉၇ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေးဌာန၏ပြောကြားချက်ကို ကိုးကား၍ အီတာတက်စ်သတင်းဌာနက ဖော်ပြခဲ့သည်။

မီးလောင်မှုကြောင့် ဒဏ်ရာရရှိခဲ့သူ နှစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး၊ အခြားဒဏ်ရာရရှိသူတစ်ဦးကို အခင်းဖြစ်ပွားရာ နေရာ၌ပင်ကုသပေးခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျပန်နိုင်ငံ အနောက်ပိုင်း အီဘူဆူကီဆိပ်ကမ်းသို့ ရောက်ရှိလာသော ခရီးသည်လူနာများအား သင်္ဘောပေါ်မှ သယ်ချနေသည်ကို ဧပြီ ၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျပန်ကူးတို့ယာဉ် ရေသတ္တဝါကြီးတစ်ကောင်နှင့် တိုက်မိ

တိုကျို ဧပြီ ၁၀

ဂျပန်နိုင်ငံ ကျူးရှူးကျွန်းတောင်ပိုင်းကမ်းခြေတွင် ဧပြီ ၉ ရက်က အမြန်မောင်းနှင်လာသော ကူးတို့ ယာဉ်သည် ရေသတ္တဝါကြီးတစ်ကောင်ကို တိုက်မိရာ သင်္ဘောပေါ် ပါလာသော ခရီးသည် ၄၉ ဦး ဒဏ်ရာရရှိခဲ့ပြီး ၁၃ ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံ၏ တောင်ဘက်စွန်းပိုင်းကျွန်းလေးကျွန်းတည်ရှိရာကာမိဆာတာ၌ အဆိုပါဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ ခရီးသည် ၁၀၃ ဦး စီးနင်းလိုက်ပါလာသော တော့ပီ ၄ ကူးတို့ယာဉ်သည် ယာကု ကျွန်းမှ ကာဂိုရှီမာမြို့သို့အသွား မတော်တဆမှု ဖြစ်ပွားရခြင်းဖြစ်သည်ဟု ဂျပန်ကမ်းခြေစောင့်၏ ပြောကြားချက်ကို တိုကျိုသတင်းဌာနက ဖော်ပြခဲ့သည်။

ဝေလငါးနှင့် သဏ္ဌာန်တူသော ရေသတ္တဝါနှင့် ကူးတို့ယာဉ်တို့ တိုက်မိခြင်းဖြစ်သည်ဟု လှေသမားတစ်ဦးက ပြောကြားခဲ့သည်။ အလားတူအဖြစ်အပျက်မျိုး ဂျပန် အနောက်ဘက်ကမ်းခြေ၌ ယခုနှစ် အစောပိုင်းတွင် ဖြစ်ပွားခဲ့သေးသည်။***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်နှင့် အိန္ဒိယတို့၏ နျူကလီးယား သဘောတူညီချက် ပိတ်ဆို့ခဲ့ပါက နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်နိုင်ဟုဆို

နယူးဒေလီ ဧပြီ ၁၀

အိန္ဒိယနှင့်အမေရိကန်နိုင်ငံအကြား နျူကလီးယားသဘောတူညီချက်အပေါ် အမေရိကန် အောက်လွှတ်တော်က ပိတ်ဆို့မည့် ဆုံးဖြတ်ချက်ကြောင့် နှေးထွေးမှု ရှိနေသည့် နှစ်နိုင်ငံ၏ ဆက်ဆံရေးထိခိုက်နိုင်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက စနေနေ့တွင် ပြောကြားသည်။

တည်ဆောက် ဖန်တီးထားခဲ့သည့် မျှော်မှန်းချက်များကို ထည့်သွင်းစဉ်းစားကြည့်ပါက အဆိုပါ သဘောတူညီချက် တစ်နည်းနည်းဖြင့် ချောချောမွေ့မွေ့ ပေါ်ထွန်းလာခြင်းမရှိလျှင် စိတ်ပျက်စရာအခြေအနေအချို့ဖြင့် ကြုံတွေ့လာနိုင်သည်ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ရှမ်ဆာရန်က ပြောကြားသည်။

အမေရိကန်သမ္မတဘုရှ်သည် အိန္ဒိယနိုင်ငံသို့လွန်ခဲ့သည့်လအတွင်းကအလည်အပတ်လာ ရောက်ခဲ့စဉ် အမေရိကန်က အိန္ဒိယနှင့် အရပ်ဘက်နျူကလီးယား ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ ဖော်ဆောင်ရန်သဘောတူညီခဲ့သည်။ ယင်းအစီအစဉ်ကို အမေရိကန် အောက်လွှတ်တော် က သဘောတူညီမှုရှိရန် လိုအပ်နေသည်။

ယင်းအစီအစဉ်အရ အိန္ဒိယက နျူကလီးယားဓာတ်ပေါင်းဖို၊ နျူကလီးယားလောင်စာနှင့် စစ်ဘက်အရပ်ဘက်ဆိုင်ရာ အဆောက်အအုံများအပါအဝင် အမေရိကန်၏ နျူကလီးယားနည်းပညာများရရှိမည်ဖြစ်သည်။

ယင်းအစီအစဉ်ကိုကွန်ဂရက်(အောက်လွှတ်တော်)က သဘောတူခြင်းဖြင့် အိန္ဒိယနိုင်ငံကအီရန် နိုင်ငံမှ ရေနံမှီခိုမှုလျော့ကျသွားနိုင်ပြီး အမေရိကန်များအတွက်လည်း အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည်ဖြစ်၍ သဘောတူထောက်ခံပေးရန် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးကွန်ဒိုလီဇာရိုက်စ်က တိုက်တွန်းခဲ့သည်။

သို့ရာတွင် အမေရိကန်ဥပဒေပြုအမတ်များက ရိုက်စ်အပေါ်ယင်းကိစ္စနှင့်ပတ်သက်၍ တုံ့ပြန်မေးမြန်းခဲ့ကြသည်။ ယင်းအစီအစဉ်အရအိန္ဒိယနိုင်ငံက နျူကလီးယားလက်နက် လွတ်လွတ်လပ်လပ် ထုတ်လုပ်နိုင်မည်ဟု ရိုက်စ်က ဝန်ခံပြောကြားခဲ့သည်။ သို့ရာတွင် အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံအတွင်း လက်နက်အပြိုင်အဆိုင်တပ်ဆင်ရေး အခြေအနေသို့မရောက်စေနိုင်ဟုရိုက်စ်က ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အိမ်ဖြူတော်ဝင်းထရံ ကျော်တက်သူအား လုံခြုံရေးအဖွဲ့က ဝိုင်းဝန်းဖမ်းဆီး

ဝါရှင်တန် ဧပြီ ၁၀

အမေရိကန်သမ္မတဂျော့ဂျ်၊ ဘုရှ်သည် ၎င်း၏ ဂေဟာတွင်ရှိနေစဉ် အိမ်ဖြူတော်ဝင်းထရံကို ယခင်က ကျော်တက်ဖူးသည့် ရာဇဝင်ရှိခဲ့သူ တစ်ယောက်က လက်နက် ကိုင်ဆောင်ခြင်း မရှိဘဲ အိမ်ဖြူတော် ဝင်းထရံကို ကျော်တက်လာရာ အိမ်ဖြူတော်မှ လုံခြုံရေးအဖွဲ့က ၎င်းကိုသေနတ်ဖြင့် ချိန်ရွယ်ကာ တနင်္ဂနွေနေ့က ဖမ်းဆီးခဲ့သည်။

တီရှပ်အင်္ကျီ ဝတ်ဆင်ထားသည့် မုတ်ဆိတ်မွေးနှင့် လူတစ်ဦးက အိမ်ဖြူတော်ဝင်းထရံပေါ်ကျော်တက်လာခဲ့ ပြီး မျက်နှာစာရှိ မြက်ခင်းပြင်သို့ပြေးသွားခဲ့ကာ ၎င်းက အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒုက္ခခံနေရသူတစ်ဦး ဖြစ်သည်ဟုဟစ်အော်ပြောကြားသည်။ ထို့နောက် ထောက်လှမ်းရေး အရာရှိများက ၎င်းနောက်ကိုလိုက်ခဲ့ကြသည်။

ယင်းအချိန်တွင် သမ္မတဘုရှ်မှာ ၎င်း၏ နေအိမ်တွင် ရှိနေသည်။ ဝင်းထရံ ကျော်တက်သူသည် ယခင်ကလည်း အိမ်ဖြူတော် ဝင်းထရံကို သုံးကြိမ်မျှ ကျော်တက်ခဲ့ဖူးကြောင်း ၎င်းကသမ္မတဘုရှ်အပေါ်ခြိမ်းခြောက်ပြောကြားမှုများမရှိခဲ့ကြောင်း ထောက်လှမ်းရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူ အီရစ်ဇာရန်က ပြောကြားသည်။

အိမ်ဖြူတော်မှ အရေးပေါ်တုန့်ပြန်ရေးအဖွဲ့က သေနတ်များကိုင်ဆောင်ပြီး စစ်ခွေးများကို ခေါ်ယူလာကာ ဝင်းထရံ ကျော်တက်သူကိုဝိုင်းဝန်းပြီးလက်ထိတ်ခတ်ကာ ဖမ်းဆီးခဲ့သည်။

၎င်းကိုအနီးရှိ ဆေးရုံသို့ခေါ်ဆောင်သွားခဲ့သည်။ ၎င်းသည် ဝင်းထရံပေါ် ကျော်တက်ရာတွင် ထိခိုက်ဒဏ်ရာ များ ရရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ ယင်းဖြစ်ရပ်သည် မိနစ်ပိုင်းသာ ကြာခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

မြောက်ဝင်ရိုးစွန်း ဒေသတွင် ရာသီဥတု ပြောင်းလဲမှုအခြေအနေကို လေ့လာလျက်ရှိကြသော ကနေဒါ သိပ္ပံပညာရှင်များကို ဧပြီ ၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မိန်းကလေးတစ်ဦးကို သတ်ဖြတ်မှုဖြင့် ပြင်သစ်နိုင်ငံသားတစ်ဦး ထောင်ဒဏ် ၂၅နှစ်ကျ

ခရီတေးလ်(ပြင်သစ်) ဧပြီ ၁၀

ပြင်သစ်နိုင်ငံ ပါရီမြို့ ဆင်ခြေဖုံးဒေသ၌ အမှိုက်ပုံအတွင်းဆယ်ကျော်သက် အရွယ်အမျိုးသမီးတစ်ဦးကို မီးရှို့သတ်ဖြတ်မှုဖြင့် အမျိုးသားတစ်ဦးကို ပြင်သစ်တရားရုံးက ထောင်ဒဏ် ၂၅နှစ်ချမှတ်ခဲ့သည်။

အသက် ၁၇နှစ်ရှိ ဆိုဟာနီဘန်ဇီနီဆိုသူအမျိုးသမီးတစ်ဦးကို ၂၀၀၂ခုနှစ် အောက်တိုဘာတွင် ရက်စက်စွာသတ်ဖြတ်မှုကြောင့် ပြင်သစ်နိုင်ငံတစ်ဝန်းတွင်အမျိုးသမီးထုက ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

အဆိုပါပြစ်မှုကြောင့် အသက်၂၂နှစ်ရှိ ဂျာမလ်ဒါယာဆိုသူကို ရုံးတင်စစ်ဆေးခဲ့သည်။ ထိုအမျိုးသမီးကို အမှိုက်ပုံတွင်း ထည့်ခဲ့ကြောင်း၊ ဓာတ်ဆီကို သူမကိုယ်ပေါ်သို့လောင်းချခဲ့ပြီး မီးခြစ်ဖြင့်မီးရှို့မည်ဟု ခြိမ်းခြောက်မှုသာပြုလုပ်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားကြသည့် ဖိုးကျားတောင်ခြေဆင်စခန်း

ရန်ကုန် ဧပြီ ၁၁

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာတွင် အောင်မြင်မှုရရှိနေသော စီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ခရီးသွားမြှင့်တင်ရေးဘုတ်အဖွဲ့ကို ဖွဲ့စည်းပေးထားပြီး ခရီးသွားလုပ်ငန်းကော်မတီ၊ ဟိုတယ်လုပ်ငန်းကော်မတီနှင့် မြန်မာ့ခရီးသွား ဈေးကွက်ကော်မတီတို့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝတောတောင်ရေမြေ၊ သစ်ပင်တို့ဖြင့် စိမ်းလန်းစိုပြည် သာယာမှုရှိသည့်အလျောက် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းရာတွင် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်းကို ဖော်ဆောင်ရန် အလားအလာကောင်းများ ဖြစ်ထွန်းနေသည်။

ကြေးမုံသတင်းအဖွဲ့သည် သဘာဝကို အခြေခံ၍ ခရီးသွားလုပ်ငန်းတစ်ခုအဖြစ် တိုးချဲ့မြှင့်တင်ဆောင်ရွက်လျက်ရှိသော "ဖိုးကျားဆင်စခန်း" အကြောင်းရေးသားတင်ပြရန် သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော Asia Green Travels and Tours ကုမ္ပဏီလီမိတက်သို့ သွားရောက် လေ့လာခဲ့သည်။

Asia Green Travels and Tours Co.မှ ဦးဝင်းမြင့်က ရှင်းလင်းပြောကြားရာတွင် ဖိုးကျားတောင်ခြေဆင်စခန်းသည် ပဲခူးတိုင်း(အရှေ့) တောင်ငူ(မြောက်) သစ်ထုတ်လုပ်ရေးဒေသ ရေတာရှည်မြို့နယ် သာဂရမြို့ အနောက်ဘက် ၁၀မိုင်အကွာ ရိုးမဖြတ်ကျော်လမ်းဘေးတွင်ရှိ၍ ရန်ကုန်မြို့နှင့် ၂၀၅ မိုင်သာ ကွာဝေးကြောင်း၊ ၎င်းတို့သည် ဖိုးကျားဆင်စခန်း မြန်မာ့သစ်လုပ်ငန်းနှင့် ပူးပေါင်း၍ ၂၀၀၅ ခုနှစ် ဧပြီ ၁ရက်နေ့မှစ၍ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းစခန်းသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ခန့်မှစ၍ တောတွင်း သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရန် အခြေစိုက်စခန်းအဖြစ်လည်းကောင်း၊ အဖွဲ့ဝင် ဝန်ထမ်းများ၏ အခြေစိုက်ဆင်စခန်းအဖြစ်လည်းကောင်း တည်ရှိခဲ့သော ဒေသဖြစ်ခြင်း၊ သဘာဝများ မပျက်စီး မယိုယွင်းဘဲရှိနေသော ဒေသဖြစ်၍ သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်း လုပ်ဆောင်ရန် သင့်တော်သောနေရာဖြစ်ကြောင်း။

၎င်းစခန်းအား တာဝန်ယူချိန်မှစ၍ ဝန်ထမ်းများ ခန့်အပ်ရာတွင်လည်း မြို့သစ်များအား သင့်တော်သည့်နေရာများတွင် အလုပ်ခန့်အပ်ပေးခဲ့ကြောင်း၊ ဝန်ထမ်းများကိုလည်း လက်ရှိ အနေအထား မပျက်စီးအောင် ဆက်လက်ပုံမှန်အတိုင်း ခန့်ထားပေးခဲ့ကြောင်း၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေကြောင်း၊ ဒေသတွင် နေထိုင်သူများ အလုပ်အကိုင် ပုံမှန်ရရှိသွားခြင်းကြောင့် မိရိုးဖလာ အစဉ်အလာရ တောတွင်း သစ်ခုတ်ခြင်းလုပ်ငန်းကို လုံးဝမပြုလုပ်တော့သဖြင့် သဘာဝပျက်စီးမှု လျော့ပါးသွားကြောင်း၊ သဘာဝကို ထိန်းသိမ်းရမည်ကို အားလုံးနားလည် သဘောပေါက်လာပြီဖြစ်၍ ၎င်းတို့အဖွဲ့သည် ကျေနပ်မိပါကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် ဤဖိုးကျားဆင်စခန်းတွင် ဆင်များကို လေ့ကျင့်ပေးမှုများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊တည်းခိုခန်းများကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်ထားကြောင်း၊ ဆက်လက်၍လည်း အဆင့်မြှင့်ခြင်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန် လျာထားချက်ရှိကြောင်း၊ ဤဖိုးကျားဆင်စခန်းတွင် ဆင်များနှင့် ပတ်သက်သော အကြောင်းအရာ အလုံးစုံကို တစ်နေရာတည်းတွင် လေ့လာခွင့်ရအောင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယခုလက်ရှိ အနေအထားတွင်လည်း ကမ္ဘာလှည့်ခရီးသည်များ တဖွဲ့ဖွဲ့လာရောက်လျက်ရှိကြောင်း၊ လာရောက်သူ အားလုံးကိုလည်း ဧည့်ဝတ်ကျေပွန်စွာဖြင့် ဧည့်ခံမှုပြုလုပ်ပေးနေကြောင်း၊ လာရောက်သူအားလုံးတို့ကလည်း နောက်တစ်ကြိမ် ပြန်လည် ဆုံတွေ့လိုကြကြောင်း ထုတ်ဖော်ပြောကြားကြကြောင်း ရှင်းပြသည်။

ဖိုးကျားဆင်စခန်းကို လာရောက်ကြသည့် ကမ္ဘာလှည့်ခရီးသည်များတွင် ဂျာမနီ၊ ဂျပန်၊ အီတလီတို့ အများဆုံး ပါဝင်ကြသည်။ ၎င်းပြင် ပြည်တွင်း ခရီးသွားအဖွဲ့များလည်း တစ်ဦးချင်းမှသည် အဖွဲ့လိုက် တစ်ညအိပ်၊ နှစ်ညအိပ် လာရောက်အပန်းဖြေအနားယူလျက်ရှိကြရာ ဖိုးကျားဆင်စခန်းသို့ သွားရောက်လိုသူများကို ဂန္ဓဝင်ရွှေပုဂံ ခရီးသွားကုမ္ပဏီ အမှတ်-၁၀(A) မင်္ဂလာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့က ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများကို ပုဂ္ဂလိကကုမ္ပဏီများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ အဆင့်မြှင့်တင်ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံတွင် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ လာရောက်မှု ပိုမိုတိုးတက်မြင့်မားလာနိုင်မည်ဖြစ်ရာ ခရီးသွားလုပ်ငန်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းပင်ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် ဝန်ဆောင်မှုကဏ္ဍ တစ်စိတ်တစ်ဒေသအဖြစ် ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တစ်တပ်တစ်အား အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

(ကြေးမုံ)

သတင်းမှတ်စု – ဧအောင်(ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း – Asia Green

တည်းခိုဆောင်

ဖိုးကျားဆင်စခန်းတွင် ကမ္ဘာလှည့်များနှင့် ပြည်တွင်းခရီးသွားများ တည်းခိုနေထိုင်ရန် တည်ဆောက်ပေးထားသည့် တည်းခိုဆောင်ကို တွေ့ရစဉ်။

ဖိုးကျားဆင်စခန်း အဝင်မုခ်ဦးနှင့် ဆင်လိမ္မာများကို ဤသို့ တွေ့ရသည်။

ဖိုးကျားဆင်စခန်းသို့ လာရောက်တည်းခိုကြသော ကမ္ဘာလှည့်ခရီးသည်များ ဆင်လိမ္မာတို့နှင့် ဤသို့ ရင်းရင်းနှီးနှီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်ကပ်လှူဒါန်း

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ပရိယတ္တိ သဒ္ဓမ္မသဘာ ဓမ္မာရုံကြီးတွင် စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားပြုလုပ်ရာ သာသနာ့ဓဇသိရီပဝရ ဓမ္မာစရိယအောင် ရှင်ခေမာနန္ဒအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ရဲမှူးဦးဖုန်းမြင့်က ဆုလက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက် သာသနာ့ရိပ်သာလမ်းရှိ ရွှေမင်းဝံသာသနာ့ရိပ်သာ၌ တည်ဆောက်မည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သိမ်တော်ကြီး၏ အပေါ်ဆုံးထပ် တည်ဆောက်ရေးအတွက် ပထမအကြိမ် အလှူတော်ငွေကျပ် သိန်း ၁၀၀ကို ကွယ်လွန်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး၊ ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော်ကြီး၏ ရဟန်းမယ်တော် ဒေါ်အမာ(ခ) ဒေါ်သောင်းသောင်းအား ရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပဒုမ္မာလမ်းနေ ခင်ပွန်းဦးထွန်းရှိန်၊ သား ဒေါက်တာလှရှိန်-မညိုညိုသိန်း၊ သမီး မတင်တင်အေး၊ ဒေါက်တာတိုးမောင်-မထွေးထွေးရီ မိသားစုတို့က ဧပြီ ၈ရက်တွင် ရွှေမင်းဝံ သာသနာ့ရိပ်သာ၌ လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ ဝိပဿနာစေတီတော်ကြီး တည်ထားကိုးကွယ်ရန်အတွက် ရန်ကုန်မြို့ အလုံမြို့နယ် သိပ္ပံလမ်းနေ ဒေါ်မြနွယ်နှင့် သမီး ဒေါ်မြင့်မြင့်၊ ခင်ရူပါချော၊ ဦးဝင်းမြင့်အောင်တို့က အလှူငွေကျပ် ၁၀၁၀၀၀ကို အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

သကြံန်တွင်း တရားစခန်းကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

ဒေါပုံမြို့နယ် ဆေးစက် ပုသိမ်မြေရပ်ကွက် ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက် မြတ်သီတာသိမ်တော်ကြီးတွင် ပြာသာဒ်ကျောင်း ပဓာနနာယကဆရာတော်၏ ဩဝါဒခံယူလျက် ဧပြီ ၁၃ ရက်မှ ၁၇ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီခွဲအထိ အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ(မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာကြီး ဦးသန်းရွှေ (ဒလ-အံ့ကြီး)၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာတရား ဟောကြားပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ ဖုန်း-၅၅၇၅၅၉ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။

တရားစခန်းရက်အတွင်း (ဦးမန်းနီး)-ဒေါ်အေးမြတ်သီတာ သိမ်၊ ကျောင်းဒါယကာမိသားစုက နံနက်စာ ကျွေးမွေးလှူဒါန်းမည် ဖြစ်သည်။ (က-ပ)

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရပ်စောက်မြို့ ရဿဝတီခန်းမ၌ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ရပ်မိရပ်ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု ခိုင်မြဲရန်လို ဒေသဆန်ဖူလုံပိုလျှံရေး၊ သရက်ပင်အပါအဝင် နှစ်ရှည်ပင်များ တိုးချဲ့စိုက်ပျိုးရေး နိုင်ငံ့ဝန်ထမ်းများက ဖိဖိစီးစီးဦးဆောင်ဦးရွက်ပြု၍ စည်းရုံးလုပ်ကိုင်ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ရှမ်းပြည်နယ်(တောင်ပိုင်း)ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ ၉ရက် မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ(ခုတင်–၁၀၀)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား တပ်မတော်ဆေးရုံ တပ်မှူး ဗိုလ်မှူးကျော်စိုးနှင့် တပ်မတော် ဆေးဝန်ထမ်းများက ကြိုဆိုကြသည်။

နှုတ်ဆက်အားပေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဆေးရုံအတွင်းရှိ ဖျားနာဆောင်နှင့် ခွဲစိတ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသော တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် ရပ်စောက်မြို့ပြည်သူ့ဆေးရုံ(၂၅–ခုတင်)သို့ ရောက်ရှိကြရာ ရပ်စောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ် ဒေါက်တာ ဒေါ်စန်းလှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် ရပ်စောက်မြို့ ပြည်သူ့ဆေးရုံရှိ လူနာဆောင်များ၊ ဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှု ခံယူနေကြသော ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မွန်းလွဲ ၂နာရီတွင် ရပ်စောက်မြို့ရှိ ရဿဝတီခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရပ်စောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဝင်းက ရပ်စောက်မြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ၊ မိုးစပါးစိုက်ပျိုးမှု၊ ဒေသဆန်နှင့် ဆီဖူလုံမှုအခြေအနေများ၊ ခြံစည်းရိုးကြက်ဆူပင် ဧက ၅၅၁၀လျာထားချက်၌ ဧက ၄၇၅၀စိုက်ပျိုးထားရှိမှု၊ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်၏ နိုင်ငံရေးနှင့် စီးပွားရေးပြောင်းလဲတိုးတက် ဖွံ့ဖြိုးနေမှုအခြေအနေများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုတို့ ခိုင်မြဲနေရန်လိုအပ်ပုံများကို ရှင်းလင်းပြောကြားပြီး ရပ်စောက်မြို့နယ် ဖွံ့ဖြိုးရေး၊ ဒေသဆန်ဖူလုံပိုလျှံနေရေး၊ အောင်မြင်ဖြစ်ထွန်းနေသည့် သရက်ပင်အပါအဝင် နှစ်ရှည်ပင်များ ဆက်လက်တိုးချဲ့စိုက်ပျိုးရေးတို့ကို နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဖိဖိစီးစီး ဦးဆောင်ဦးရွက်ပြု၍ စည်းရုံးလုပ်ကိုင် ဆောင်ရွက်သွားရန်မှာကြားကာ မြို့နယ်၏ တင်ပြချက်များကို ပြန်လည်ရှင်းလင်းညှိနှိုင်းပေးသည်။

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ည ၉နာရီခွဲတွင် ဗထူးတပ်မြို့ တပ်နယ်ဧည့်ရိပ်သာခန်းမ၌ ရပ်စောက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ (ခုတင်–၁၀၀)တွင် ဆေးကုသမှုခံယူနေကြသော တပ်မတော်သားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး စကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နာယက၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှ၊ တောင်ကြီးခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ ရပ်စောက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးချစ်အေး(အငြိမ်းစား)နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စစ်မှုထမ်းဟောင်းအဖွဲ့တွင် အဖွဲ့ဝင်များတိုးတက်ရေး၊ အဖွဲ့ဝင်များအနေဖြင့် အဖွဲ့၏ လုပ်ငန်းလမ်းစဉ်များနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အဖွဲ့ဝင်များ၏ စားဝတ်နေရေး သက်သာချောင်ချိအောင် ပံ့ပိုးကူညီနိုင်ရေးအတွက် စီးပွားဖြစ်ထွန်းနိုင်သော စိုက်ပျိုးမှုမွေးမြူမှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ကြရေး၊ ပြည်သူများအား ဦးဆောင်စည်းရုံးလက်တွဲဆောင်ရွက်ရေး၊ အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်ရေးတို့ကို ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၁၁–၄–၂၀၀၆)

မင်းဘူးနှင့် မကွေး

၄၄ ဒီဂရီစင်တီဂရိတ်

(၁၁၁ ဒီဂရီဖာရင်ဟိုက်)

❊ ရှေ့ဖုံးမှ

တစ်မြို့နယ်လျှင် တစ်ရွာကျ တိတိကျကျသတ်မှတ်၍ စံပြအဖြစ် ခြစ်ညီးရိုးကြက်ဆူပင် စနစ်တကျစိုက်ပျိုးသွားရေး၊ ယင်းသို့ စံပြအဖြစ် စိုက်ပျိုးသောရွာများ၏ခြစ်ညီးရိုးကြက်ဆူပင်မှ ဘိုင်အိုဒီဇယ်ထုတ်လုပ်၍ လက်တွေ့အသုံးချအောင်မြင်မှုများကို လက်တွေ့ပြသသွားရေး၊ မြေလွတ်မြေရိုင်းများ၌ ခြစ်ညီးရိုးကြက်ဆူပင်များကို ဧကထောင်သောင်းချီ၍ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးသွားရေး၊ သုတေသနလုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ကြက်ဆူပင်ပျိုးပင်များ စိုက်ပျိုးထားမှု၊ သရက်ပင်များ စိုက်ပျိုးထားမှု၊ တစ်ဖက်ရပ်ဆည်ပြုလုပ်၍ ရေသိုလှောင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကျောက်နီ စိုက်ပျိုးမွေးမြူရေးစခန်းအတွက် ခြစ်ညီးရိုးကြက်ဆူပင်များကို အမှတ်တရစိုက်ပျိုးပေးကြပြီး တောင်ကြီးမြို့သို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြသည်။

ကြိုဆို

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိလာကြရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဝင်းလှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၌ ခြစ်ညီးရိုးကြက်ဆူ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အဖွဲ့ဝင်များနှင့်အတူ တောင်ကြီးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့မှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ကြကာ ဟဲဟိုးလေဆိပ်မှတစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် နေပြည်တော်လေဆိပ်သို့ မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဧပြီ ၉ ရက် ညပိုင်းတွင် ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ မြို့နယ်အသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များအား တွေ့ဆုံပြီး တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးတို့က ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဆွေးနွေးမှာကြားကြပြီး အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပြည်သူများနှင့်လက်တွဲ၍ အားတက်သရော ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်နီ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွက် ခြစ်ညီးရိုးကြက်ဆူပင်ကို အမှတ်တရ စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား ခွဲစိတ်ကုသမှုစရိတ် ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား ခွဲစိတ်ကုသမှုစရိတ် ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဧပြီ ၆ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) စာသင်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ ဆရာဝန်ကြီးများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အလှူရှင် Mother Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြတ်က ငွေကျပ် ၁၅သိန်း၊ ကျော်သာ Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးဝင်းလွင်–ဒေါ်မြတ်မြတ်မော်တို့က ငွေကျပ် ၁၅သိန်း၊ ဦးတင်မောင်(စန္ဒီပရဆေး) က အလှူငွေ ၃၆၅၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာ ၅၇ဦးအတွက် စုစုပေါင်း ငွေကျပ် ၂၁၆၆၀၀၀ ကို ပေးအပ်လှူဒါန်းရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဘမြင့်က လက်ခံသည်။

ယင်းနောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင်အဆိုပြုလွှာများကို ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက လက်ခံသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီး အဖွဲ့ဝင်များသည် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)၏ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုသ သင်ကြားရေးဆေးရုံ၌ ခွဲစိတ်ကုသမှု ခံယူကြမည့်၊ ခွဲစိတ်ကုသမှုခံယူပြီးသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် များနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးကြပြီး ထောက်ပံ့ငွေများ ပေးအပ်ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား ခွဲစိတ်ကုသသမှု စရိတ်ထောက်ပံ့ ပေးအပ်ပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေး ဝင်းထံသို့ Mother Trading Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြတ်က ငွေကျပ် ၁၅သိန်း ပေးအပ်လှူဒါန်းစဉ်။ (မိခင်ကလေး)

ကြေးပိဋကတ်တော် ပြုလုပ်ရန်လှူဒါန်း

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကျောင်းတော်ရာရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်းဆရာတော်ဘဒ္ဒန္တဉာဏ (သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ဦးဆောင်၍ ပိဋကတ်ကျမ်းများကို ကြေးပြားတွင်ထွင်း၍ ကြေးပိဋကတ်တစ်ဆူ ပြုလုပ်လှူဒါန်းလျက်ရှိရာ ကမာရွတ်မြို့နယ် ဝင်ဒါမီယာရပ်ကွက် သံလွင်လမ်း အောင်မင်းခေါင် (၂)လမ်းနေ ဦးစံအောင်၊ ဦးမြတ်အောင်၊ ဦးသန်းအောင်၊ ဦးမေအောင်၊ အနောက်ရန်ကင်းနေ ဒေါ်ခင်အေးကြည်နှင့် သားသမီးများ၊ နှစ်ဖက်သောမိဘများကို အမှူးထား၍ မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိလမ်း အောင်သပြေရိပ်သာနေ ကိုဇော်သန်းမောင်၊ မမေသက်ဝင်း၊ သား မောင်သီဟန်ဇော်၊ သမီး မအိမွန်မြတ်သက်မိသားစု၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကြည်တော်ရပ်ကွက် မဟာဇေယျလမ်းနေ သား မောင်အာကာဘို (၂)နှစ်ပြည့် မွေးနေ့အလှူတော်၊ ဒဂုံမြို့သစ်မြောက်ပိုင်း (၄၂)ရပ်ကွက်နေ ဦးအောင်မျိုးသိန်း–ဒေါ်သွဲ့ဝေလွင်၊ သမီး ဖြူမြင့်မြတ်၊ သား ကျော်ဇင်သန့်တို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းကြသည်။ အလှူရှင်များသည် ကြေးပြားတစ်ချပ်လျှင် ကျပ် ၁၈၀၀၀ ဖြင့် မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း–၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သတိ

ရန်ကုန်မြို့အတွင်း ဟွန်းမတီးရ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

✧ အေးချမ်းသာယာသောမှ

တပ်မတော် သင်တန်းကျောင်းများမှ သန္ဓေနှင့် သင်တန်းသား အရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်နှင့် စပ်လျဉ်း၍ သိသင့် သိထိုက်သည်များကို ပဏာမ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက နိုင်ငံတော်ကြီးကို အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်အဖြစ် တည်ဆောက်နေချိန်တွင် တပ်မတော်သားများ အနေဖြင့် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲ၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အခမ်းအနားသို့ တက်ရောက်လာကြသော တပ်မတော်အရာရှိများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

❍ ဒုတိယတပ်မတော်မှ

သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းဆင်း အရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် သင်တန်းဆင်း အရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ဂုဏ်ပြုညစာ သုံးဆောင်ကြသည်။

သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲ အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကပွဲခန်းမ၌ ဗထူးတပ်နယ်မှ မိသားစုများ၊ တေးသံရှင်များနှင့် မြဝတီအငြိမ့်အဖွဲ့တို့၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှု အားပေးကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၄-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၁၃၆၇ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် (ဝဋ္ဋသုတ်)**

၇:၁၅ ၁။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၆။ အတီးပြိုင်ပွဲ

၈:၀၅ ၇။ ဆပ်သွားတံတား

၈:၁၀ ၈။ အဆိုပြိုင်ပွဲ

၈:၂၀ ၉။ ခါသကြ်ာန်အဆိုအကများ

၈:၃၀ ၁၀။ International News.

၈:၄၅ ၁၁။ Let's Go.

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading.

၄:၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)

၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅:၁၀ ၆။ မြန်မာစာ မြန်မာစကား

၅:၂၅ ၇။ သီချင်းကြီးပဒေသာ

၅:၃၅ ၈။ **"ချစ်သောမြေ၊ ချစ်သောရေ" (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**

၅:၄၀ ၉။ ခါသကြ်ာန်အဆိုအကများ

၅:၅၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်

၆:၀၀ ၁၁။ ညနေခင်းသတင်း

၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်

၇:၀၀ ၁၄။ **"လေ့ကားသုံးထစ်ဆင်းတဲ့အခါ" (အရိုင်း၊ မင်းသူ၊ အေးသီတာ) [ဒါရိုက်တာ–သိန်းဟန်(ဖီးနစ်)]**

၇:၁၀ ၁၅။ ခါသကြ်ာန်အဆိုအကများ

၇:၂၅ ၁၆။ ကြားမြင်သုတပြည့်ဝစေရာစာပဒေသာ

၇:၃၅ ၁၇။ ခါသကြ်ာန်အဆိုအကများ

၈:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ ၂၀၀၅ ခုနှစ်၊ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "ဝိဇ္ဇုရဇာတ်တော်ကြီး" (မကွေးတိုင်း) (အပိုင်း–၁)

၂၂။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်

၂၃။ နောက်တစ်နေ့အစီအစဉ်

၂၄။ အစီအစဉ်ပြီး၏။

ရွှေနိုင်ငံဂျာနယ် အတွဲ(၄) အမှတ်(၂၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၁၁

ရွှေနိုင်ငံဂျာနယ် အတွဲ(၄)၊ အမှတ်(၂၃)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် တက္ကသိုလ်မြတ်သူ၊ တက္ကသိုလ်တင်ခ၊ ကျော်ဇင်ညွန့်(တရားရုံးချုပ်ရှေ့နေ)၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ ရေနံ့သာ မောင်ကျော်ညွန့်၊ ဆင်ဖြူကျွန်းမြင့်သိန်း၊ ဖိုးလမင်း၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ တက္ကသိုလ်ဘုန်းမြင့်ဆွေ၊ ကြည်လင်း(ဆေး)၊ အောင်စိုး(တိ/ကုဆရာဝန်)၊ H.K တို့၏ မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ ကွမ်းလုံမြေစိုးနွယ်(ရှမ်း/မြောက်)၏ ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေးဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)



ရွှေတိဂုံစေတီတော်၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သောက်ရေသန့်ဘူးများ ဒါနပြုမည်

ရန်ကုန် ဧပြီ ၁၁

ဧပြီ ၁၇ရက်၊ ၁၃၆၈ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ၊ သောကြာထောင့်၊ မြောက်ဘက်မုခ်စောင်းတန်းအနီး၊ ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့ အနီးမှနေ၍ ဝေနေယျသုခရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၅သိန်း ၅သောင်းကျော်ဖိုးရှိ သောက်ရေသန့်ဘူးသုံးသောင်းကျော်ကို တစ်နေကုန်စတုဒိသာ ဒါနပြု လှူဒါန်းမည်ဖြစ်သည်။ (သတင်းစဉ်)

ကျေးလက်နေပြည်သူများပါ ပညာတတ်ပြီး အသိဉာဏ် ဗဟုသုတကြွယ်ဝမှသာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမည်

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ၌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ အလုံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ ပြင်ပစာနယ်ဇင်းများမှ စာပေလောကသားများက ကြီးမှူးကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး အလှူငွေနှင့် စာအုပ်များကို လက်ခံသည်။

တက်ရောက်

စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပြင်ပ စာနယ် ဇင်းများမှ စာပေလောကသားများ၊ စာနယ်ဇင်းထုတ်ဝေသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြားရာတွင် စာအုပ်လှူဒါန်းကြသူများအား ကျေးလက်နေပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ စာပေနှင့် အနုပညာလောကနှင့် ပတ်သက်၍ မိမိတို့ ဝန်ကြီးဌာနက တာဝန်ယူနေရသော်လည်း စာပေလောကသားများအနေဖြင့် စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနနှင့်သာ ထိတွေ့ ဆက်ဆံမှုများခဲ့ပြီး မိမိတို့ ဝန်ကြီးဌာနက ကျင်းပသည့် အခမ်းအနားများသို့သာ စာနယ်ဇင်းသမားများ တက်ရောက်ခဲ့ကြကြောင်း၊ ယခု စာနယ်ဇင်း လောကသားများက ကျင်းပသည့် ဤအခမ်းအနားသို့ မိမိ တက်ရောက်ရသည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်း။

ယခုထက် ကျယ်ပြန့်ရင်းနှီးချစ်ခင်မှုရရှိအောင် ပိုမိုကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုကဲ့သို့ စာအုပ်များ လှူဒါန်းခြင်းသည် ကျေးလက်ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ ပကတိအခြေအနေကိုကြည့်လျှင် စာဖတ်မှု အားနည်းနေသေးကြောင်း၊ အလားတူ စာအုပ်စာပေ များသည်လည်း ကျေးလက်နေပြည်သူများ လက်လှမ်းမီမှု အားနည်းနေသေးကြောင်း၊ ဤအားနည်းချက် နှစ်ရပ်ကို ယခု အခမ်းအနားက ဖြည့်ဆည်းပေးလိုက်ခြင်း ဖြစ်ကြောင်း။

မြို့ပြနေ ပြည်သူများသာ ပညာတတ်၊ အသိဉာဏ်ကြွယ်ဝနေ၍ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမည် မဟုတ်ကြောင်း၊ ကျေးလက်နေပြည်သူများပါ ပညာတတ်ပြီး အသိဉာဏ်ဗဟုသုတကြွယ်ဝမှသာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ယခု လှူဒါန်းခြင်းသည် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ရေးအတွက် တစ်တပ်တစ်အား အားဖြည့်ပေးလိုက်ခြင်းဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ပြန်ကြားရေး ဝန်ကြီးဌာန၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာပေလောကသားများ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၄၉,၀၉,၄၀၀ တန်ဖိုးရှိ ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်စာအုပ်များကို စာပေလောကသားများကိုယ်စား တူဒေးလိုက်ဖ်စတိုင် မဂ္ဂဇင်းမှ ဒေါက်တာသာထွန်းဦး ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များထူထောင်ရေးအတွက် နိုင်ငံတော်၏အား၊ ကျေးလက်နေပြည်သူများ၏ အားနှင့် စေတနာရှင် ပြည်သူများ၏အား စသည့် အားသုံးအားဖြင့် ထူထောင်ရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ စာအုပ်လှူဒါန်းပွဲများ ကိုးကြိမ် ကျင်းပခဲ့ပြီး ယင်းလှူဒါန်းပွဲများမှ တန်ဖိုးငွေကျပ် ၁၁၅၇ သိန်း တန်ဖိုးရှိ စာအုပ်စာစောင်ပေါင်း ၁၈ သိန်းကျော်နှင့် အလှူငွေကျပ် ၅၃၇ သိန်းကို လက်ခံရရှိပြီးဖြစ်ကြောင်း။

ယခုလှူဒါန်းသည့် စာအုပ်နှင့်အလှူငွေများကို ဖွင့်လှစ်ပြီး ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အလှူရှင်များကိုယ်စား သုတစွယ်စုံ မဂ္ဂဇင်းတိုက်မှ ဒေါက်တာတင်ထွန်းဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ရေးအတွက် စာပေလောကသားများက လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို စာပေလောကသားများ ကိုယ်စား ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ နန္ဒာလှိုင်က ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ စာပေလောကသားများ စုပေါင်း လှူဒါန်းသည့် ငွေကျပ် ၄၉၀၉၄၀၀ တန်ဖိုးရှိ ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ် စုစုပေါင်း ၁၇၇၃၈ အုပ်ကို စာပေ လောကသားများ ကိုယ်စား တူဒေးလိုက်ဖ်စတိုင် မဂ္ဂဇင်းမှ ဒေါက်တာ သာထွန်းဦးက ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ညစာဖြင့်တည်ခင်းဧည့်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက တက်ရောက်လာကြသော ပြင်ပစာနယ်ဇင်းများမှ စာပေလောကသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆–ခုနှစ်၊ မတ်လ (၃၁)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၂၇၆၂) တိုက်ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့ မြေကွက်သစ် ဝယ်ယူရန်အတွက် ရန်ကုန်မြို့ (၄၅)လမ်းနေ ဦးထွန်းရွှေ-ဒေါ်မြင့်မြင့်ကြည်နှင့် ဓမ္မမိတ်ဆွေများက အလှူတော်ငွေကျပ် ၁၁၀၀၀၀၀ ကို ရန်ကုန်မြို့ မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတွင် ဆရာတော် ဦးနန္ဒိယ(တိလောကာရုံ)ရှေ့မှောက်၌ တာဝန်ခံ ဦးကိုကိုထံ မေ ၅ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နှစ်ဖက်သောမိဘများအား အမှူးထား၍ အမှတ်(၂၇/၂၉) ဘိုကလေးဈေးလမ်း ဗိုလ်တထောင် မြို့နယ်နေ ဦးမောင်မောင်အေး-ဒေါ်သန်းသန်းမေတို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘညဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် (ဃ)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စာမတတ်သူ ပပျောက်ရေး၊ အသုံးလုံးကျေ သင်တန်း၊ စာဖက်ရှိန်မြှင့်တင်ရေးစာဖတ်ဝိုင်းသို့ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့မှ ပေးအပ်သော အခြေခံစာတတ်မြောက်ရေး အထောက်အကူပြု မြန်မာစာနှင့် သချာ်စာအုပ်များ ဖြန့်ဝေပေးခြင်း အခမ်းအနားကို မေ ၁၀ရက်က (ဃ)ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပရာ အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် အဖွဲ့ဝင်များ ဖြန့်ဝေပေးကြစဉ်။ (၅၀၆)

မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၁၁)၏ မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကို မေ ၈ ရက်က ကျောင်းခန်းမတွင် ပြုလုပ်ရာ စတုတ္ထတန်းကျောင်းသား မောင်ပြည့်ဖြိုးပိုင်အား ကျောင်းအုပ်ဆရာမကြီးဒေါ်သိန်းနု သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (၃၂)

သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးစီမံကိန်း ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိများ လိုက်ပါလျက် မေ ၉ရက် နံနက်ပိုင်းတွင် ညောင်တုန်း-ကျောင်းကုန်း- ကန်ကြီးထောင့်-သာပေါင်းစက္ကူနှင့် ပျော့ဖက်စက်ရုံ ၁၀လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဝန်ကြီးအား ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းခွင်တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ညောင်တုန်း-သာပေါင်း ပိုက်လိုင်းစီမံကိန်းမန်နေဂျာ ဦးသန်းပိုက ပိုက်လိုင်းလမ်းအူကြောင်း ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ ပိုက်ရောက်ရှိမှု အခြေအနေနှင့် ပိုက်ဆက်သွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက မိုးမကျမီ ပိုက်များကို ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် အချိန်မီပို့ဆောင်ထားရန်၊ ဝန်မြစ်ဖြတ်ပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်သွားရန်နှင့် မြစ်ဖြတ်ပိုက်လိုင်းကို ယခုကတည်းက စိတ်ချသေချာအောင် ဆောင်ရွက်ထားရှိရန်၊ သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးအောင် ဆောင်ရွက်သွားကြရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာန အခြေခံယာဉ်မောင်းသင်တန်းဆင်း

ရန်ကုန် မေ ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၇ရက် နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန၊ ကျန်စစ်သားခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်း တက်ရောက်သည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါ ယာဉ်မောင်းသင်တန်းအမှတ်စဉ်(၁၈)ကို ဖေဖော်ဝါရီ ၂၇ရက်မှ မေ ၇ရက်အထိ ရက်သတ္တ ခြောက်ပတ်ကြာ သင်တန်းသား ၄၄ဦးဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

ဇီဝိတဒါနငါးလွှတ်ပွဲများတွင် သားစားကျူး မျိုးဗီဇလွှမ်းမိုးသည့် အာဖရိကငါးခူများ မလွှတ်ကြရန် နှိုးဆော်

ရန်ကုန် မေ ၁၁

သဘာဝပတ်ဝန်းကျင် ရေပြင်များ၌ သားစားကျူး မျိုးဗီဇလွှမ်းမိုးသည့် အာဖရိကငါးခူများ လွှမ်းမိုးကျက်စားလာပါက ဒေသခံ တိုင်းရင်းငါးမျိုးစိတ်များ မျိုးတုံး ပျောက်ကွယ်နိုင်သဖြင့် ၎င်းငါးခူမျိုးများ မွေးမြူခြင်း၊ မျိုးစိုက်ထည့်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ မျိုးပြန့်ပွားစေခြင်း၊ ပြန့်ပွားစေရန် အားပေးကူညီခြင်း မပြုကြရန် ငါးလုပ်ငန်းဦးစီးဌာန အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

ထိုအမိန့်ကြော်ငြာစာကို ဖောက်ဖျက်ကျူးလွန်သူများအား ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာ့အတာသင်္ကြန်ကာလ ကျရောက်တော့မည်ဖြစ်ရာ မြန်မာတို့ဓလေ့ ထုံးတမ်းအရ ဘုရား၊ ကျောင်း၊ ကန်များ၌ ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပလေ့ရှိသဖြင့် အဆိုပါနေရာများ၌လည်း အာဖရိကငါးခူများ ဘေးမဲ့လွှတ်ပါက ကန်အတွင်းရှိ ငါးများမျိုးတုံးပျောက်ကွယ်နိုင်သဖြင့် ရောင်းချခြင်း မပြုကြရန် သတိပေးထားမြစ်သည်။

အများပြည်သူနှင့် သက်ဆိုင်ရာဌာနများ၌ ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက် အရောင်းဌာနများ ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး တိုင်းရင်းငါးခူ ဘေးမဲ့လွှတ်လိုသူများ ငါးလုပ်ငန်းဦးစီးဌာနသို့ ကြိုတင်ဆက်သွယ်မှာကြားကြပါရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က)မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီးမြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ)ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့်အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ)အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ)တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမှု ပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် မေ ၅ရက်က မော်လမြိုင်မြို့ မြိုင်သာယာ(၆)လမ်း အမှတ်(၁၆၅)နေ ဦးထွန်းလှ-ဒေါ်လှလှအိ မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၃၀၇)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်းနေ ဆရာတော် ဘဒ္ဒန္တ ဦးပဒုမအား အမှူးထားပြီး ဦးအောင်စိုး-ဒေါ်လှလှဝင်း၊ သား မောင်ဇော်မင်းအောင်၊ သမီး မဇင်မာအောင်၊ မောင်ကျော်ညီညီအောင် မသန္တာအောင်မိသားစုတို့က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ချောက်မြို့နယ်အသင်း(ရန်ကုန်) အကြိမ်(၂၀)မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲ၊ ထူးချွန်ပုဂ္ဂိုလ်ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မေ ၉ ရက်က ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ကြားတောရလမ်း တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးညိုမောင်က အသင်းဝင် (ရုပ်ရှင်ဇာတ်ညွှန်း) ထပ်ဆင့်အကယ်ဒမီ ငြိမ်းမင်းအား ဂုဏ်ပြုမှတ်တမ်းပေးအပ်စဉ်။ (၆၁)

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် (၃၈)လမ်းနေ ဦးအောင်မြင့်-ဒေါ်ခင်ခင်တင့်၊ သမီး ရည်မွန်မြင့်၊ သား ထက်စည်သူမိသားစုတို့က နှစ်ဖက်သော မိဘများအား ရည်စူး၍ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ ဦးအေးသန့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် စစ်ကိုင်းတိုင်း ကလေးမြို့နယ်ရှိ ရာဇဂြိုဟ် ရေလှောင်တမံ ဘက်စုံ စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့ရှိ ရေလှောင်တမံစီမံကိန်းများကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်တင်ထွတ်တို့ လိုက်ပါလျက် ဧပြီ ၇ရက် နံနက် ၉နာရီတွင် စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်လင်းဆောင်တွင် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းကို မြစ်သာမြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေများဆည်ရေရရှိရေးနှင့် ရေအားလျှပ်စစ် ထုတ်ယူရရှိရေးအတွက် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ညွှန်ကြားရေးမှူး ဦးဗစ်တာက ပင်မတမံတည်ဆောက်ရန် ရေစိမ့်တား ကွန်ကရစ်နံရံလုပ်ငန်းနှင့် ဘိလပ်မြေသရွတ်မှုတ်သွင်းမှု လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်း တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီးများသည် ရှုရပ်အမြင့်ပိုင်းမှ ရေလှောင်တမံ တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုကြသည်။

ရေအားလျှပ်စစ်

ရာဇဂြိုဟ်ရေလှောင်တမံမှာနေရဥ္စရာ ချောင်းပေါ်၌ အလျား ၄၇၄၅ပေ၊ တမံအမြင့် ၁၆၅ ပေရှိသည့် မြေသားတမံပိတ်ကာ၊ ကုန်းကြောတမံ သုံးခုပါရှိပြီး၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၂၀၀၀ ရှိကာ၊ ဧက ၆၅၀၀ ဆည်ရေသောက်နိုင်မည့်အပြင် ၊ Kaplan-Type-Turbines အမျိုးအစား တာဘိုင်စက် နှစ်မဂ္ဂါဝပ် နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှရေအားလျှပ်စစ်ဓာတ်အား ၂၁သန်း ကီလိုဝပ်နာရီ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ယခုအခါ ပင်မတမံမြေဖို့ခြင်းလုပ်ငန်းနှင့် ကုန်းကြောတမံမြေဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မဏိပူရရေလှောင်တမံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီတွင် စစ်ကိုင်းတိုင်း၊ ကလေးခရိုင်၊ ကလေးမြို့နယ် ကလေး-ဂန့်ဂေါ ကားလမ်းရှိ ကမ္ဘာ့နီတံတား အထက်ဘက် နှစ်မိုင်ခွဲအကွာတွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တည်ဆောက်နေသည့် မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ စီမံကိန်းရှင်လင်းဆောင်၌ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက စီမံကိန်းတည်ဆောက်မှုလုပ်ငန်းများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဗစ်တာက ဆောင်ရွက်ခဲ့သော စူးစမ်းလေ့လာမှုလုပ်ငန်းများ ပင်မတမံအကြောင်း ရှင်းလင်းမှု၊ ရေလွှဲဥမင် တည်ဆောက်မှုတွင် ရေလွှဲဥမင်အဝင်နေရာ၊ တောင်ကုန်းမြေဖြတ်ခြင်းနှင့် ဥမင်အဝင်ပိုင်းနှင့် အထွက်ပိုင်းနေရာတို့တွင် လွန်တူးခြင်းလုပ်ငန်းတို့ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

မှာကြားဆွေးနွေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည်ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး ရေလွှဲဥမင်အဝင်ပိုင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မဏိပူရမြစ်ပေါ်တွင် တမံအလျား ၂၄၄၄ ပေ၊ တမံအမြင့် ၅၂၇ပေရှိသည့် ကျောက်ဖြည့်မြေသားတမံ၊ တည်ဆောက်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ၁ဒသမ၂၆ ဧကပေ သန်းပေါင်း သိုလှောင်ကာ ဆည်ရေသောက် ဧက ၅၀၀၀၀ ရေပေးနိုင်မည့်အပြင် နှစ်စဉ် ရေအားလျှပ်စစ် ၁၉၀၃ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်ရန် ၉၅ မဂ္ဂါဝပ် လေးလုံး တပ်ဆင်သွားမည်ဖြစ်သည်။

ယခုအခါ ပင်မတမံ တည်ဆောက်ရန် အောက်ခြေမြေသား ရှင်းလင်းမှုနှင့် ရေလွှဲဥမင်လိုဏ် တည်ဆောက်မှုကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မြစ်သာရေလှောင်တမံစီမံကိန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် နံနက် ၁၁နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က ဆောင်ရွက်နေသည့် မြစ်သာရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် စီမံကိန်း ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စီမံကိန်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ရေအားလျှပ်စစ်ထုတ်ယူရရှိ အသုံးပြုနိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈) ညွှန်ကြားရေးမှူး ဦးတင်ဝင်းက စီမံကိန်းဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ချက်နှင့် ကုန်းကြောတမံ တည်ဆောက်မှု ပြီးစီးသောအပိုင်းတွင် ကျောက်စီ လုပ်ငန်းဆောင်ရွက်မှု၊ ရေလွှဲဥမင်လိုဏ် တည်ဆောက်မည့်နေရာ၊ ဥမင်အဝင်ပိုင်း တူးဖော်မှုကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှုရပ်အမြင့်ပိုင်းမှ ရေလွှဲဥမင်အဝင်ပိုင်း တူးဖော်မှုနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြသရှင်းလင်းကြသည်။

မြစ်သာမြစ်ပေါ်တွင် ဇုန်မျိုးအစား မြေသားတမံပိတ်မည်ဖြစ်ရာ တမံအလျားပေ ၂၈၇၅၀၊ တမံအမြင့် ၂၀၅ ပေရှိပြီး ပေ၂၇၄၅၀ရှိသည့် ကုန်းကြောတမံပါရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏ ၃၇၇၆၀၀ ဧကပေ သိုလှောင်နိုင်မည်ဖြစ်သည်။ ထို့အပြင် ဆည်ရေသောက် ဧက ၁၂၀၀၀ရေပေးနိုင်ကာ နှစ်စဉ်ပျမ်းမျှ ရေအားလျှပ်စစ်ဓာတ်အား ၁၇၀ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်ပေးနိုင်မည် ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်သာရေလှောင်တမံ စီမံကိန်းမှာ မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင် တမံအထက်ဘက် ဖူးရွာအနီးတွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တည်ဆောက်လျက်ရှိသည့် ဖူးရွာရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဆောင်ရွက်လျက်ရှိသော စီမံကိန်း လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ရှိသူများက ပင်မတမံတည်ဆောက်နိုင်ရန် အရှည်ပေ ၁၁၀၀ရှိသည့် ရေစိမ့်တားနံရံ တည်ဆောက်ပြီးစီးမှု၊ ပင်မတမံ၏ တောင်စောင်းဘေးနှစ်ဘက် ဆင်ခြေလျှောပြုလုပ်မှု၊ ရေလွှဲဥမင်အဝင်ပိုင်းနှင့် ရေလွှဲဥမင်အထွက်ပိုင်းတို့တွင် တစ်ပြိုင်တည်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်ကလုပ်ငန်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရှုရပ်အမြင့်ပိုင်းမှနေ၍ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖူးရွာရေလှောင်တမံ စီမံကိန်းကို မုန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိရာ ပင်မတမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအလျားပေ ၆၀၄၀၊ တမံအမြင့်၂၄၃ပေ ရှိသည်။

ကုန်းကြောတမံ သုံးခုပါရှိပြီး စုစုပေါင်း ပေ ၃၆၉၀အရှည်ရှိသည်။ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၇၄၀၀၀၀ ရှိသည့်အပြင် မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝရေလှောင်တမံတို့ကို ရေကူအားဖြည့်ပေးနိုင်မည်ဖြစ်သည်။ ရေအားလျှပ်စစ်တပ်ဆင်အင်အားမှာမဂ္ဂါဝပ်၂၀ သုံးလုံးဖြင့် နှစ်စဉ် ပျှမ်းမျှ ၃၂၀ကီလိုဝပ်နာရီသန်းပေါင်း ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင် မကွေးတိုင်း မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်အထက် ငါးမိုင်ခန့်အကွာ မုန်းချောင်း ရေလှောင်တမံ၏အောက်ဘက် ၁၅မိုင်ခန့်အကွာ ဝန်လိုကျေးရွာအနီး မုန်းချောင်းပေါ်၌ တည်ဆောက်နေသည့် ကြီးအုံကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်လင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင်က ပင်မတမံနှင့် ရေပိုလွှဲတည်ဆောက်နေမှု၊ ယာယီရေတားတမံပြီးစီးမှု၊ တမံတည်ဆောက်စဉ် အလျားပေ ၄၃၀၀၊ အကျယ်ပေ ၁၃၀ရှိသည့် ရေလွှဲမြောင်းပြီးစီးမှု၊ မုန်းချောင်းရေကို လွှဲပြောင်းစီးဆင်းနိုင်မှုတို့ကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်ကလုပ်ငန်းဆိုင်ရာများကို မှာကြားပြီး ပင်မတမံတည်ဆောက်မှုနှင့် ရေလွှဲမြောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြီးအုံကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် မုန်းချောင်းပေါ်၌ တည်ရှိပြီး တမံ အလျား ပေ ၃၂၈၀၊ တမံအမြင့် ၁၆၄ပေရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၄၆၃၀၀၀ ရှိသည်။ သိုလှောင်ရေများကို အောက်ဘက်ရှိ မဲဇာလီရေလွှဲဆည်မှ တစ်ဆင့် လယ်မြေဧက ၈၆၇၇၇ကို ဆည်ရေပေးနိုင်မည့်အပြင် သီးထပ်အဖြစ် နွေစပါး ၇၄၀၀၇ဧကကိုလည်း ရေပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် ရေအားလျှပ်စစ် ထုတ်ယူရန် ၃၅မဂ္ဂါဝပ်နှစ်လုံးတပ်ဆင်ပြီး နှစ်စဉ်ပျှမ်းမျှ လျှပ်စစ်ဓာတ်အား ၃၃၀ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

ကံမြင့်ကျောင်းတိုက် နှစ်သစ်ကူး အထူးတရားပွဲ

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသက လည်းကောင်း၊ ဧပြီ ၂၀ရက်တွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက သီတဂူ ရေအလှူတော် တရားပွဲကို လည်းကောင်း၊ ဧပြီ ၁၈ ရက်၊ ၁၉ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ရွှေပြည်မေတ္တာရှင် အရှင်ဇဝနက လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီတွင် ဟောကြားမည် ဖြစ်၍ ကြွရောက်နာယူနိုင်ကြောင်း သိရသည်။ (က-ပ)

မော်လမြိုင်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဧပြီ ၂ရက်က ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပရာ ဂုဏ်ထူးဆောင် နာယက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာခင်ရွှေက အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရနာယက ဦးချုသန်းအား ဂုဏ်ပြုမှတ်တမ်းနှင့် လက်ဆောင်ပစ္စည်း ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

မုတ်သုံသစ်တောကိုဖြတ်သန်းသည့် အမြန်လမ်းမကြီးဖွင့်လှစ် အာရှအဝေးပြေးလမ်းမကြီးစီမံကိန်း အရှိန်အဟုန်ရလာ

အင်တာနက် သတင်းများ

ပေကျင်း ဧပြီ ၁၀

တရုတ်နိုင်ငံတွင် ပထမဆုံးအကြိမ် မုတ်သုံသစ်တောကို ဖြတ်သန်းဖောက်လုပ်ထားသည့် အမြန်အဝေးပြေး လမ်းမကြီးတစ်လမ်းကို ဧပြီ ၆ရက်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ မြို့ကြီးတစ်မြို့ ဖြစ်သော ကျင်ဟောင်းမြို့ကို ဆန်မာအိုမြို့နှင့် ဆက်သွယ်ထားသော အမြန်အဝေးပြေးလမ်းမကြီးသည် ယူနန်ပြည်နယ် မြို့တော်ကူမင်းမြို့မှ ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်နှင့် ဆက်သွယ်ထားသော နိုင်ငံတကာ အဝေးပြေးလမ်းမကြီးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။

၂၀၀၅ခုနှစ် ဇူလိုင်လမှစ၍ အာရှအဝေးပြေးလမ်းမကြီး သဘောတူညီချက်အရဒေသတွင်းရှိ နိုင်ငံများသည် အဝေး ပြေးလမ်း စီမံကိန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြသည်။ အာရှအဝေးပြေးလမ်းမကြီး သဘောတူညီချက်၏ မြောက်မှန်းချက်မှာ အင်ဒိုနီးရှားနိုင်ငံမှသည် တူရကီနိုင်ငံအထိ ၁၄၁၂၀၄ ကီလိုမီတာအရှည်ရှိ ခရီးတာကို ကုန်းလမ်းခရီးဖြင့် ကူးလူးသွားလာနိုင်ရန် ဖြစ်သည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် ဖွင့်လှစ်လိုက်သော အမြန်လမ်းမကြီးကို ဧပြီ ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာရှအဝေးပြေးလမ်းမကြီး စီမံကိန်းအရ ဒေသအတွင်းရှိ နိုင်ငံများသည် အဝေးပြေးလမ်းမချင်း ဆက်သွယ်ထားမည့် ကွန်ရက်စနစ်ပေါ်ထွန်းလာမည် ဖြစ်သည်။

မုတ်သုံသစ်တောကို ဖြတ်သန်းသွားသည့် အမြန်လမ်းမကြီး ဖွင့်ပွဲအခမ်းအနားတွင် ဒိုင်လူမျိုးစုဝင် လုံမပျိုတို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စင်ကာပူမှ ကူမင်းမြို့အထိ မော်တော်ယာဉ်ဖြင့် သွားလာရာတွင်လည်းကောင်း၊ ရန်ကုန်မြို့မှ ဟိုချီမင်းစီးတီးမြို့အထိ မော်တော်ယာဉ်ဖြင့် သွားလာရာတွင်လည်းကောင်း ထိုင်းနိုင်ငံမှတစ်ဆင့် သွားလာနိုင်မည်ဖြစ်သည်။

၂၀၀၄ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သော ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်)၏ အကြိမ် (၆၀)မြောက် အစည်းအဝေးတွင် အာရှ အဝေးပြေးလမ်း စီမံကိန်း အကောင်အထည်ဖော်ရေး ဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အင်တာနက်။

ကျည်ဆန်ရထား အမျိုးအစားသစ် ပေါ်ထွန်းလာမည် တစ်နာရီလျှင် ကီလိုမီတာ ၃၆၀ နှုန်းဖြင့် ခုတ်မောင်းနိုင်

ကျည်ဆန်ရထား တစ်စင်း

ရှင်ကန်ဆန် ကျည်ဆန်ရထား တစ်စင်းကို ကျိုတိုဘူတာရုံ၌ ဧပြီ ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



တိုကျို ဧပြီ ၁၁

ဂျပန်နိုင်ငံတွင် ရှင်ကန်ဆန်ဟူ၍ သိရှိကြသော ကျည်ဆန်ရထား အမျိုးအစားသစ်ကို ဧပြီ ၁၀ ရက်က ထုတ်ပြန်ကြေညာလိုက်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

Fastech 360 Z ဟူ၍ အမည်ပေးထားသော ကျည်ဆန်ရထား အမျိုးအစားသစ်သည် ကမ္ဘာပေါ်တွင် အမြန်ဆုံးနှုန်းဖြင့် ခုတ်မောင်းနိုင်သော ကျည်ဆန်ရထားသစ်ဖြစ်ကြောင်း ဂျပန်အရှေ့ပိုင်း မီးရထားကုမ္ပဏီက ပြောကြားသည်။ Fastech 360 Z ကျည်ဆန်ရထား အမျိုးအစားသစ်ပုံစံကို သတင်းဌာနများမှ တာဝန်ရှိသူများအား ဖိတ်ခေါ်ပြသခဲ့သည်။

အဆိုပါ ကျည်ဆန်ရထား အမျိုးအစားသစ်သည် တွဲခြောက်တွဲပါရှိမည်ဖြစ်ပြီး ပုံမှန်ခရီးစဉ်တစ်ရပ်ကို ခုတ်မောင်းစဉ်အတွင်း တစ်နာရီလျှင် ကီလိုမီတာ ၃၆၀ (၂၂၄မိုင်)နှုန်းဖြင့် ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူက ပြောကြားသည်။

ပြင်သစ်ကျည်ဆန်ရထား

ပြင်သစ်နိုင်ငံမှ TGV (Train Grande Vitesse) ကျည်ဆန်ရထားသည် တစ်နာရီလျှင်ကီလိုမီတာ ၃၀၀ အမြန်နှုန်းဖြင့် ခုတ်မောင်းနိုင်သည်။ TGV ကျည်ဆန်ရထားသည် ယခုလောလောဆယ်ကာလတွင် အမြန်နှုန်းစံချိန်တင်ထားသည့် ရထားစနစ် တစ်ရပ်ဖြစ်သည်။

အင်တာနက်။

ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူး၍ International Beverages Trading Co., Ltd. က အဓိက ကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ်စပါယ်ရှယ်ရီဆာ့ဗ်တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကို ယမန်နေ့ ညနေပိုင်းတွင် လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင် ဂေါက်ကလပ်၌ ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲ၏ ၁၈ကျင်းပြိုင်ပွဲအပြီး၌ ဆုချီးမြှင့်သည့် အခမ်းအနားကိုကျင်းပရာ IBTC မှ ဒါရိုက်တာ ဦးတင့်ဦးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနော်တောင်က ကျင်းအမှတ် (၃)၌ ၁၀၀ပေ၊ ၇လက်မဖြင့် Nearest to the Pin ဆုရရှိသော စိန်အေးအား လည်းကောင်း၊ ကျင်းအမှတ်(၁၈)၌ ကိုက်၂၈၀ဖြင့် Longest Drive ဆုရရှိသော ထူးခိုင်ဝင်းအား လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲတွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသောပြိုင်ပွဲ၌ Hole-In-One ဆုရရှိသော အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်လင်းအားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ IBTC မှ Production ဒါရိုက်တာ ဦးဇော်ထိုက်က PRO-AM အသင်းလိုက်ပြိုင်ပွဲတွင် Nett Total ၅၄ချက်ဖြင့် ပထမရရှိသော မောင်ပြုံး (Professional)နှင့် သန်းဟန်၊ စိုးသန်းထွန်းနှင့် ဘိုတောက် (Amateur)တို့အားလည်းကောင်း၊ Nett Total ၅၄ချက်ဖြင့် ဒုတိယရရှိသော ဇော်ဇင်ဝင်း (Professional) နှင့် စိန်မြင့်အောင်၊ မောင်မောင်နှင့် ကိုကိုအောင် (Amateur)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က Professional Golfers ပြိုင်ပွဲတွင် ပထမ ဇော်ဇင်ဝင်း၊ ဒုတိယ ဇော်ဇော်လတ်၊ တတိယ မြင့်သန်း၊ စတုတ္ထ နေလင်းထွန်းနှင့် ပဥ္စမ စိုးကျော်နိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ IBTC မှ ဒါရိုက်တာ ဦးတင့်ဦးက Match Play ပြိုင်ပွဲတွင် ပထမရရှိသော သန်းဝင်း(လားရှိုး)အား ရွှေဆွဲပြားဆုကို ပေးအပ်ချီးမြှင့်ပြီး ဒုတိယရရှိသော ဖြိုးကျော်ကျော်၊ တတိယရရှိသော အောင်ဆန်းနှင့် စတုတ္ထရရှိသော သန့်ဇင်ဦးတို့အား သတ်မှတ်ထားသောဆုများကို ပေးအပ်ချီးမြှင့်သည်။ ပထမရွှေဆွဲပြားဆုရရှိသော သန်းဝင်း (လားရှိုး)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် IBTC မှ ဒါရိုက်တာ ဦးတင့်ဦးက ပန်းလှိုင်ဂေါက်ကလပ်သို့ အမှတ်တရ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ SPA Group မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ပိုင်က လက်ခံသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ IBTC ဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay၊ Grand Plaza Parkroyal Hotel၊ Srixon၊ Crusher Club Soda တို့က အသီးသီးကူညီကြပြီး ပန်းလှိုင် နောက်ဆုံးဗိုလ်လုပွဲ (Final Round) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

ဂရင်း ရွိုင်ရယ် စပါယ်ရှယ် ရီဆာ့ဗ် တံခွန်စိုက် ဂေါက်သီးရိုက် ပြိုင်ပွဲ၏ နောက်ဆုံး ဗိုလ်လုပွဲတွင် ပထမ ရွှေဆွဲပြားဆု ရရှိသော သန်းဝင်းအား IBTC ဒါရိုက်တာ ဦးတင့်ဦးက ရွှေဆွဲပြားဆု ချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင်(၁)နှစ်၊
၂။ ကစားသူ ထောင်(၃)နှစ်၊
၃။ ထုတ်လုပ်ရောင်းချသူ ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

အဆင့်မြင့်တန်း ကွင်းပိတ်ရှုံး/ထွက်ပြိုင်ပွဲ စွမ်းအင်က စည်ပင်ကို အနိုင်ရဗိုလ်စွဲ အကောင်းဆုံးဆု ဇော်ထက်အောင်ရရှိ

ရန်ကုန် ဧပြီ ၁၁

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စွမ်းအင်အသင်းနှင့် မြို့တော်အသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ စွမ်းအင်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

စွမ်းအင်အသင်း နှစ်ဂိုး
(ကျော်မျိုးဟန်နှင့် ဝေယံမောင်)

မြို့တော်စည်ပင်အသင်း တစ်ဂိုး
(ဇော်နိုင်ထွန်း)

ဒိုင်လူကြီး ဦးလှတင်

ပထမအဆင့် ရှုံး/ထွက်ပွဲမှစ၍ အကြိုဗိုလ်လုပွဲအထိ အသင်းကြီးများနှင့် ဆက်တိုက်ကစားခဲ့၍ ပွဲပန်းနေသော စွမ်းအင်အသင်းမှာ ယနေ့ ဗိုလ်လုပွဲတွင် အသင်းကြီး စည်ပင်နှင့် ထပ်မံတွေ့ဆုံပြန်ရာ ပထမပိုင်းတွင် ခြေစွမ်းမပြနိုင်သော်လည်း ဒုတိယပိုင်းတွင် ကစားကွက်ပြန်မိလာပြီး ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့၍ ကွင်းပိတ်ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးသန်းဇော်က အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲ၌ ပဥ္စမဆုရ တံခွန်အသင်းအား ကျပ်ငါးသိန်း၊ စတုတ္ထဆုရ စွမ်းအင်အသင်းအား ကျပ် ၁၀သိန်း ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အား/ကာ ညွှန်ကြားရေးမှူး ဦးနော်တောင်က အမှတ်ပေးပြိုင်ပွဲ တတိယဆုရ ပို့ဆောင်ရေးအသင်းအား ကျပ်သိန်း၂၀၊ ဒုတိယဆုရ စီးပွားကူးသန်းအသင်းအား ကျပ်သိန်း၃၀တို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် Fresh Air-con မန်နေဂျင်းဒါရိုက်တာ ဦးဇေယျာသူရမွန်က ၂၀၀၅-၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်းပြိုင်ပွဲ၌ ဒုတိယဂိုးအများဆုံးသွင်းသူဆုရ ပြည့်ဖြိုးဦး၊ (ပို့ဆောင်ရေး)အား ကျပ်သုံးသိန်းနှင့် Fresh Air-con တစ်လုံး၊ ဂိုးအများဆုံးသွင်းသူဆုရ ကျော်ဇင်ဝင်း(စီးပွား/ကူးသန်း)အား ကျပ်ငါးသိန်းနှင့် Fresh Air-con တစ်လုံး ပေးအပ်ချီးမြှင့်သည်။ ထို့နောက် Accel International Co., Ltd. မှ Mr. Alvin Law က အဆင့်မြင့်တန်းပြိုင်ပွဲ၌ ဒုတိယအကောင်းဆုံး ဘောလုံးသမားဆုရ ပြည့်ဖြိုးဦး(ပို့ဆောင်ရေး)အား အဖွဲ့ချုပ်မှ ကျပ်သုံးသိန်းနှင့် Cannon မှ ကျပ်လေးသိန်း စုစုပေါင်း ကျပ်ခုနစ်သိန်းကိုလည်းကောင်း၊ အကောင်းဆုံးဘောလုံးသမားဆုရ ဇော်ထက်အောင် (စွမ်းအင်)အား အဖွဲ့ချုပ်မှ ကျပ်ငါးသိန်း၊ Cannon မှ ကျပ်ခြောက်သိန်းနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးတင်အောင်(ဂိုး)က ကွင်းပိတ် ရှုံး/ထွက်ပြိုင်ပွဲ ဒုတိယဆုရ မြို့တော်စည်ပင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေကျပ်သိန်း၂၀ကို လည်းကောင်း၊ ပထမဆုရ စွမ်းအင်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ၂၀၀၅-၂၀၀၆ ခုနှစ် အမှတ်ပေးပြိုင်ပွဲ ပထမဆုရ ဘဏ္ဍာ/အခွန်အသင်းအား ဆုတံဆိပ်၊ ပထမတံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဖလားနှင့် ငွေကျပ်သိန်း ၅၀ကိုလည်းကောင်း၊ ကွင်းပိတ်ပြိုင်ပွဲ ပထမဆုရ စွမ်းအင်အသင်းအား တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဖလားနှင့် ငွေကျပ် ၃၀သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်းပြိုင်ပွဲများ ပြီးဆုံးသွားပြီဖြစ်ရာ ကွင်းဖွင့်ပြိုင်ပွဲ၌ ကမ္ဘောဇ၊ အမှတ်ပေးပြိုင်ပွဲ၌ ဘဏ္ဍာ/အခွန်၊ ကွင်းပိတ်ပြိုင်ပွဲ၌ စွမ်းအင်အသင်းတို့က အသီးသီး အနိုင်ရဗိုလ်စွဲခဲ့ကြသည်။

(ကြေးမုံ)

အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ ဂျူဗင်တပ်စ်နှင့် ဖီအိုရင်တီးနား သရေကျ

ရောမ ဧပြီ ၁၀

အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲကို တနင်္ဂနွေနေ့က ဆက်လက်ကျင်းပရာ ဂျူဗင်တပ်စ်အသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။

စီးရီးအေဘောလုံးပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသော ဂျူဗင်းတပ်စ်အသင်းသည် ပွဲကစားချိန် ဒုတိယပိုင်းတွင် တစ်ဂိုးအသွင်းခံလိုက်ရသည်။ ဖီအိုရင်တီးနားအသင်းမှ လူကာတိုနီက ဂိုးသွင်းနိုင်ခဲ့ပြီးနောက် အလက်ဇန်ဒရိုဒယ်လ်ပါရိုက ဂျူဗင်တပ်စ်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။

ဖီအိုရင်တီးနားအသင်းမှ အန်တိုနီယို ဂျင်မီနက်ဇ်၏ ပြစ်ဒဏ်ဘောကန်သွင်းမှုကို ဂျူဗင်တပ်စ်အသင်းမှ ဂိုးသမား ခရစ္စတီယန် အက်ဘီယာတီ ကာကွယ်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

အေစီမီလန်အသင်းမှ ကစ်လာရင့်စ်ဆီးဒေါ့ဖ် (ဝဲ)နှင့် ချီယေဗိုအသင်းမှ ဆီဗီယိုလီတို့ ဘောလုံးရရှိရေးကြိုးပမ်းစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျူဗင်တပ်စ်အသင်းသည် ယခုအခါ ၃၃ ပွဲကစားပြီး အမှတ် ၈၀ ရရှိထားသည်။ ယင်းမှာ ဒုတိယနေရာတွင်ရှိနေသော အေစီမီလန်အသင်း၏ ရမှတ်ထက် ခုနစ်မှတ် ပိုသည်။ အေစီမီလန်အသင်းသည် အစောပိုင်းက ကျင်းပသောပွဲတွင် ချီယေဗိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အင်တာမီလန်အသင်းသည် ၇၁မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။ အင်တာမီလန်အသင်းသည် စနေနေ့က ကျင်းပသော စီးရီးအေ ဘောလုံးပြိုင်ပွဲတွင် အက်စ်ကိုလီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ကွင်းပိတ် ရှုံး/ထွက်ပြိုင်ပွဲ ပထမဆုရ စွမ်းအင်အသင်းအား ပထမတံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

သီတဂူရေအလှူတော်ဓမ္မသဘင်

ရန်ကုန် ဧပြီ ၁၁

အင်းစိန်မြို့နယ် အောင်ဆန်းမလွန်ဆန်လှူအသင်းထောက်မှ ကြီးမှူးကျင်းပသော သီတဂူ ရေအလှူတော်နှင့် မဟာသိမ်တော်ကြီး အလှူရေစက်ချ အထူးတရားပွဲများကို အောင်ဆန်းအထက(၃) ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ ဧပြီ ၁၉ရက်၌ ပိဋကတ်တစ်ပုံခွဲဆောင် မဟာဓမ္မကထိက ဗဟုဇနဟိတရေ အရှင်ခေမာသိရိလင်္ကာရ (သီတဂူကြာတစ်ပွင့်)၊ ၂၀ရက်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ အရှင်ဣန္ဒာစရိယ၊ ၂၁ရက်တွင် သီတဂူဆရာတော် အရှင်ဉာဏိဿရတို့က ညစဉ် ၇နာရီမှစ၍ တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

မန္တလေးမှ မှောင်ရိပ်ခိုသူဝေဖြိုးနောင်(ခေါ်)နောင်နောင် အချုပ်ခန်းထဲ၌ တစ်ယောက်တည်းရှိစဉ် ကြိုးဆွဲချသေဆုံး

ရန်ကုန် ဧပြီ ၁၁

မန္တလေးဈေးချို စည်ပင်သာယာရဲအဖွဲ့မှ တပ်ကြပ်လှမျိုးနှင့်အဖွဲ့သည် မတ် ၂၅ရက် နံနက် ၁ နာရီတွင် ကင်းလှည့်စဉ် မှောင်ရိပ်ခိုနေသည့် အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက် အကွက်အမှတ် (၂၀၈)နေ (အဘ)ဦးဝင်းရွှေ၏သား ဝေဖြိုးနောင်(ခေါ်) နောင်နောင် (၁၉)နှစ်အား တွေ့ရှိသဖြင့် သီရိဟေမာ အရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် မန္တလေးတိုင်း အမှတ်(၆) ရဲစခန်းသို့ပို့ဆောင်ခဲ့သည်။ အဆိုပါ မှောင်ရိပ်ခိုသူ ဝေဖြိုးနောင် (ခေါ်)နောင်နောင်အား အမှတ်(၆) ရဲစခန်းက မှောင်ရိပ်ခိုမှု ရဲအက် ၃၅(ခ)ဖြင့် အမှုဖွင့် ဖမ်းဆီး၍ အချုပ်ခန်းတွင်ချုပ်ထားခဲ့ရာ အချုပ်ခန်းတွင် ယင်းအချုပ်သားတစ်ဦးတည်းသာရှိနေခဲ့သည်။

မတ် ၂၆ရက် မွန်းလွဲ ၂နာရီခန့် ရဲစခန်း ကင်းဟောင်း ကင်းသစ်လဲလှယ်ချိန်တွင် အချုပ်ခန်းအတွင်း၌ တစ်ဦးတည်းရှိနေသော အချုပ်သား ဝေဖြိုးနောင် (ခေါ်)နောင်နောင်သည် ၎င်း၏ပုဆိုးကို ကြိုးသဖွယ်ကျစ်၍ အချုပ်ခန်းအပေါ်ဆုံးသံတန်း၌ ပတ်ချည်ကာ ကြိုးဆွဲချမည့်ဟန် ပြုလုပ်နေကြောင်း ကင်းဟောင်းအဖွဲ့မှ ရဲတပ်သား မျိုးမြင့်ဝင်းက တွေ့ရှိသဖြင့် အော်ဟစ်တားဆီးပြီး ကင်းမှူးဦးဆောင်သည့် ကင်းအဖွဲ့က အချုပ်ခန်းအတွင်း သော့ဖွင့်ဝင်ရောက်နေစဉ် အချုပ်သား ဝေဖြိုးနောင် (ခေါ်)နောင်နောင်သည် ပုဆိုးကွင်းကို လည်ပင်းစွပ်လျက် အောက်သို့ခုန်ချခဲ့သည်။

ကင်းအဖွဲ့က အချုပ်သား ဝေဖြိုးနောင် (ခေါ်)နောင်နောင်အား ရှေးဦးသူနာပြုစုနည်းဖြင့် အသက်ကယ်နိုင်ရန် ဝိုင်းဝန်းကြိုးစားပြီး မော်တော်ယာဉ်ဖြင့် ဆေးရုံသို့ ဆောလျင်စွာ ပို့ဆောင်ပေးခဲ့ကြသည်။ သို့သော် ဆရာဝန်၏ စစ်ဆေးစမ်းသပ်ချက်အရ ဆေးရုံရောက်ချိန်၌ အချုပ်သားမှာ အသက်မရှိတော့ကြောင်းသိရှိရသည်။ ထို့ကြောင့် တရားသူကြီးထံ တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ သေမှုသေခင်း စစ်ဆေးခြင်း၊ မှုခင်းဆရာဝန်ကြီး ဒေါက်တာမျိုးဝင်းဖြင့် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ မှုခင်းဆရာဝန်ကြီး၏ စစ်ဆေးချက်အရ အလောင်းတွင် လည်ပင်း၌ ကြိုးဒဏ်ရာ တွေ့ရှိရချက်မှတစ်ပါး အခြားသော ပြင်ပဒဏ်ရာများ တစ်စုံတစ်ရာ မတွေ့ရှိရကြောင်း ဖော်ပြထားသည်။

အဆိုပါ ဝေဖြိုးနောင် (ခေါ်) နောင်နောင်သည် မန္တလေးတိုင်း အမှတ်(၅) ရဲစခန်းနှင့် အမှတ်(၆) ရဲစခန်းတို့တွင် ညမှောင်ရိပ်ခိုမှု အမှုဟောင်းများရှိကြောင်း သိရှိရသည်။

ဝေဖြိုးနောင် (ခေါ်)နောင်နောင်သည် တစ်ကိုယ်လုံးတွင် ဆေးမင်ကြောင်များ ထိုးထားပြီး မူယစ်ဆေးဝါးသုံးစွဲခဲ့သည့် အနေအထားမျိုးရှိကြောင်း၊ မိဘများ ပြောဆိုဆုံးမမှုကို မနာခံဘဲ ဆိုးသွမ်းလူငယ်တစ်ဦးဖြစ်ကြောင်းနှင့် အရက်သေစာသောက်စားလေ့ရှိကြောင်း ၎င်း၏ ညီအစ်ကိုတော်သူများထံမှ ဖော်ထုတ်ရရှိသည်။ (သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသကြံန်

- * အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- * သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- * အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သကြံန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

သတိပေးနှိုးဆော်ချက်

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ မူးယစ်သောက်စားပါက အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေး အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မီးလောင်မှုကြောင့် ဆုံးရှုံးသမျှ

ရန်ကုန် ဧပြီ ၁၁

ဧပြီ ၇ရက် ည ၉နာရီ ၅၃မိနစ်တွင် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် (၇)ရပ်ကွက် ကုန်သည်လမ်းနှင့် (၃၉) လမ်းထောင့် အမှတ် (၅၀၄/၅၀၆) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယအထပ်၌ မီးလောင်မှုဖြစ်ပွားရာ မီးလောင်မှုကြောင့် ရုံးသုံးပစ္စည်းများနှင့်အနီးရှိ လူနေအိမ်ခန်းငါးခန်း မီးလောင်ခံရပြီး ငွေကျပ် ၈၀၀၀၀၀၀ ခန့် ဆုံးရှုံးခဲ့သည်။

ဧပြီ ၉ရက် နံနက် ၆နာရီ မိနစ် ၂၀တွင် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် စက်မှုလက်မှု ဇုန် (၉)ရပ်ကွက် ဘောဂလမ်း အမှတ်(၁၄၇)နေ ဦးသိန်းနိုင်၏ (၇၇၇) ပလတ်စတစ်စက်ရုံ၌ အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းရာ မီးလောင်မှုကြောင့် ပလတ်စတစ်အစဟောင်းများ မီးလောင်ခံရပြီး ငွေကျပ် ၂၁၀၀၀ ခန့်ဆုံးရှုံးခဲ့သည်။

ဧပြီ ၁၀ရက် နံနက် ၂နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရှမ်းစု မြောက်ရပ်ကွက် ဗထူးလမ်း အမှတ် (၁၂၀) ဟသ်ာကုန်စုံဆိုင်ပိုင်ရှင် ဦးစိန်ဦးနေအိမ်၌ ခြင်ဆေးခွေထွန်းရာမှ စတင်လောင်ကျွမ်းရာ မီးလောင်မှုကြောင့် ကုန်စုံဆိုင်ပစ္စည်းများ မီးလောင်ခံရပြီး ငွေကျပ် ၅၀၀၀၀ခန့် ဆုံးရှုံးခဲ့သည်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်ထုတ် စာအုပ်များထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၁၁

စာပေချစ်မြတ်နိုးသူများအတွက် စာကောင်းပေမွန်များကိုသာ ရွေးချယ်ထုတ်ဝေပေးလျက်ရှိသော နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန် ဖုန်း–၃၇၄၅၃၂မှ အောက်ပါစာအုပ်များကို ထုတ်ဝေဖြန့်ချိလိုက်သည်–

ဗိုလ်ချုပ်အောင်ကြည်၏ ခေါင်းဆောင်များအတွက် ဆုံးဖြတ်ချက်(ပဋ္ဌမအကြိမ်)။ ။ မည်သည့် နေရာဌာနတွင်မဆို အကြီးအကဲ ခေါင်းဆောင်ဖြစ်လိုသူများအတွက် အရေးပါအရာရောက်သော အကြောင်းအရာများကို အခန်း(၁၂)ခန်းခွဲ၍ရေးသားတင်ပြထားသည်။ ယနေ့ကာလကဲ့သို့ သတင်းနှင့် ပြန်ကြားရေးခေတ်ကြီးတွင် ကမ္ဘာလောကတစ်ခုလုံးသည် သတင်းအချက်အလက် အမြောက်အမြားကို စဉ်ဆက်မပြတ်တိုးပွားထုတ်လုပ်လျက်ရှိရာ ရရှိလာသော သတင်းများကို ပဲ့ကိုင်ထိန်းချုပ်နိုင်ရန်အတွက် လိုအပ်သည့် ဉာဏ်ပညာ အရင်းအမြစ်တည်ဆောက်နိုင်ရေး အကျယ်ပြန့်ဆုံးသော အမြင်ကို လျင်မြန်စွာသိမှတ်နိုင်စွမ်းရှိခြင်းဖြင့်သာ ဆုံးဖြတ်နိုင်ရေးတို့ကို စာရေးသူက ရှင်းရှင်းလင်းလင်း သွက်သွက်လက်လက်ရေးသား တင်ပြထားသည်။ ဝူဖရီး စက္ကူဖြူချော စာမျက်နှာ ၂၆၀ကျော်၊ တစ်အုပ်လျှင်ရောင်းဈေးကျပ် ၁၈၀၀။

ပခုက္ကူဦးအုံးဖေ၏ ပစ္စတိုသေနတ်နှင့်ကျေးဇူးဆပ်သူ။ ။ စာရေးဆရာကြီးပခုက္ကူဦးအုံးဖေ၏ ကိုယ်တွေ့ဖြစ်ရပ်များကို ဝတ္ထုရှည်ပုံသဏ္ဌာန်ဖြင့် ဘဝ၏အဆိုးအကောင်းများကို အကျိုးအကြောင်းဆက်စပ်ယှဉ်တွဲလျက် သင်ခန်းစာရယူဖွယ် ထွေးတောဆင်ခြင်ဖွယ်၊ ရေးသားတင်ပြထားသည်။ ဤစာအုပ်တွင် လူတို့၏စိတ်နေသဘောထားနှင့်အမူအကျင့်လေ့စရိုက်မျိုးစုံတို့ကို ရောင်စုံခြယ်ထားသော ပန်းချီကားအသွင်ရှုမြင်ရမည်။ အမှားနှင့်အမှန်ကိုခွဲခြားလိုသူတိုင်း၊ ဘဝအောင်မြင်မှုကို ရရှိလိုသူတိုင်း ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်ပြီး၊ ဆယ်ချိုးဆိုဒ် စာမျက်နှာ၄၃၀ကျော်၊ စက္ကူချော အပ်ကတ်အဖုံးဖြင့် ရောင်းဈေးကျပ် ၂၅၀၀။

ဝင်းဝေနောင်၏ထူးဆန်းသောကြေးမီးခွက်နှင့် နိုင်ငံတကာပုံပြင်များ။ ။ တရုတ်၊ အိန္ဒိယ၊ တူရကီ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ လာအို အစရှိသော နိုင်ငံများမှ ရိုးရာပုံပြင် အပုဒ် ၂၀ကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်သည်။ လှပသော ပန်းချီသရုပ်ဖော်ပုံများဖြင့် စာမျက်နှာ ၂၀၀၊ ရောင်းဈေးကျပ် ၇၀၀။

မောင်ဆန္ဒ(လယ်ဝေး)၏ ကမန်မျိုးနွယ်စု သမိုင်း။ ။ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအနက် ရခိုင်တိုင်းရင်းသားများတွင် အကျုံးဝင်သည့် ကမန်တိုင်းရင်းသားများအကြောင်းကို ကမန်မျိုးနွယ်စု စတင်ဖြစ်ပေါ်လာမှုအခြေခံမှအစပြု၍ ယင်းတို့၏ ရိုးရာဓလေ့များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ နိုင်ငံတော်နှင့် အမျိုးသားရေးအတွက် ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ စီးပွားရေး၊ ပညာရေး၊ အားကစားကဏ္ဍ အသီးသီးတွင် ပါဝင်ဆောင်ရွက်ကြပုံများ၊ စိတ်ဝင်စားဖွယ်၊ ဗဟုသုတရဖွယ် ရေးသားတင်ပြထားသည်။ ဝူဖရီးစက္ကူ အဖြူချောအပ်ကတ်အဖုံးဖြင့် ရောင်းဈေးကျပ် ၁၀၀၀။ (သတင်းစဉ်)



ကွင်းကျောင်းစာသင်တိုက် နှစ်ဦးဓမ္မပူဇာသဘင်

ရန်ကုန် ဧပြီ ၁၁

အလုံမြို့နယ် ဆင်မင်းရပ်ကွက် သာသနပ်တကာရီကွင်းကျောင်း ပရိယတ္တိစာသင်တိုက် နှစ်ဦးဓမ္မပူဇာပွဲအစီအစဉ်အဖြစ် ဧပြီ ၁၉ရက်တွင် အရှင်အာစာရာလင်္ကာရ (ကိုးဘွဲ့ရဆရာတော်) ရွှေဟင်္သာတိုက်၊စစ်ကိုင်းမြို့။ ဧပြီ ၂၀ရက်တွင်ရွှေပြည်ဟိန်းဆရာတော်အရှင် ခေမာသီရိလင်္ကာရ သီတဂူ ကြာတစ်ပွင့် (ဝိဋ္ဋကတ်တစ်ပုံခွဲဆောင်)၊ ဧပြီ ၂၁ရက်တွင် ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (ဓမ္မကထိက ဗဟုဇနဟိတဓရ)၊ ဧပြီ ၂၂ရက်တွင်အရှင်ရာဇိန္ဒ(ရဝေဠုမယ်အင်းမ)၊ ဧပြီ ၂၃ ရက်တွင် ဓမ္မစေတီဆရာတော်အရှင်ကောသလ္လ M.A (Buddhism)မဟာမဓမ္မ စရိယတို့က ညစဉ် ၇နာရီမှစတင်၍ သာသနပ်တကာရီ ပရိယတ္တိဓမ္မဗိမာန်တော်၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။

(ကြေးမုံ)

သင်္ကြန်တွင်း သီလပေး တရားဟောကြားမည်

ရန်ကုန် ဧပြီ ၁၁

ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ မဟာဓမ္မရံသီအိမ်တော်ရာ စေတီတော်အတွင်းရှိ ရတနာ့ဗိမာန်တော်ကြီးတွင် ဧပြီ ၁၄ရက် (သင်္ကြန်အကျနေ့)မှ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့) အထိ ဒဂုံပရိယတ္တိစာသင်တိုက်မှ စာချဆရာတော် ဘဒ္ဒန္တစန္ဒဝံသက နိဗ္ဗာန်ရောက်ကြောင်း သီလပေး တရားတော်များကို နေ့စဉ် နံနက် ၉ နာရီတွင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂–၄–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်
၇း၀၅	ခါသင်္ကြန်အဆိုအက
၇း၁၅	သူချစ်ကိုယ်ချစ်မေတ္တာစစ်တရားတော် (အရှင်ဆေကိန္ဒ) (အပိုင်း–၂)
၇း၄၅	ခါသင်္ကြန်အဆိုအက
၇း၅၅	နိုင်ငံတကာအနုပညာရေးရာ(၁)
၈း၁၅	သင်္ကြန်ဘယ်မှာရှိလဲ
၈း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၅	ခါသင်္ကြန်အဆိုအက
၈း၃၀	မိုးလေဝသခန့်မှန်းချက်
၈း၃၅	ခါသင်္ကြန်အဆိုအက
၈း၄၀	ပြည်တွင်းသတင်းအကျဉ်း
၈း၅၀	ခါသင်္ကြန်အဆိုအက
၉း၀၀	Myanmar Video Rhythm
၉း၄၅	ခါသင်္ကြန်အဆိုအက
၉း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀	ခါသင်္ကြန်အဆိုအက
၁၀း၀၅	ပေမူမှသည်ပုံနှိပ်မူသို့
၁၀း၁၀	အနုပညာရပ်ဝန်းမှပွဲတင်သံများ(အိပ်မက်သင်္ကြန်)
၁၀း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	အံ့မခန်းဖူးတွေ့စေရာ အလောင်းတော်ကဿပလိုဏ်ဂူမှာ
၁၁း၀၀	ခါသင်္ကြန်အဆိုအက
၁၁း၀၅	ဆူးလေစေတီတော် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေးလုပ်ငန်း
၁၁း၂၅	ခေတ်အဆက်ဆက်စီဆင်း အတာသင်္ကြန်တေးသီချင်း
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

Premier League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၁၁း၂၅	Portsmouth - Arsenal	5-Sports (Live)

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါ အဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသော ရေနှင့် ရောဂါပိုးများဝင်ရောက်ကာ ကူးစက်ရောဂါများ ဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သော ကာလဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ပွားပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါမှ ကာကွယ်ရန်–

(၁) ရေကိုကျိုချက်၍ သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။

(၂) ရေတွင်းရေကန်စသည့် ရေထွက်ပေါက်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။

(၃) သန့်ရှင်းလတ်ဆတ်သော အစာများကို စားပါ။

(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။

(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများမဝင်နိုင်ရန် အစာကိုင်သော လက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

(၆) အိမ်သာမှအထွက် လက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်–

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျဖျော်တိုက်ပါ။

(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။

(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

မီးသုံးစွဲလျှင်အသိယှဉ် ဆင်ခြင်သတိအမြဲရှိ

ကျေးဇူးဆပ်ပါမည်

ကျွန်ုပ်၏ မှတ်ပုံတင်(၁၂/ဗဟန(နိုင်)၀၈၅၅၇၀)ခရီးသွားရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။ **ဝင်းအိမ့်အောင် Ph:392146**

အာရုံနှင့်ပါး
ချောင်းသာ မိရိုးဖွား ဟိုတယ်အိမ်ခန်းငှားပေးသည်
ကားဗီးလုံးငှားသည်
Ph: 707062, 09-5143330

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်တော်၏ သမီး မိုးမိုးလွင်သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။
ကိုငွေရင်(ခ)စိန်မောင်တင် [၈/မမန(နိုင်)၁၁၄၁၁၂]

ဖိုးဆိုင်းတွင်း အိမ်ကြည်တော်ရှေ့ ... ၁၄.၄.၂၀၀၆ ...
၂၀.၄.၂၀၀၆ ...
April 8, 15, 21, 28 May 5, 12, 19, 26
... (၂၄၅)ပန်းဆိုးတန်းလမ်း(အထက်) ☎ 249871

☎ 240860
☎ 547285

UNIQUE STAR TRAVELS & TOURS CO.,LTD

၁. ချောင်းသာ	Apr 7,9,21,28	(50000)
၂. ချောင်းသာ (သင်္ကြန်)	Apr 12	(25000/80000)
၃. ငွေဆောင် (သင်္ကြန်)	Apr 12	(50000/60000)
၄. ... (သင်္ကြန်)	Apr 10,11,12	(150000)
၅. ပုဂံ (သင်္ကြန်)	Apr 13	(95000)
၆. တောင်ကြီး (သင်္ကြန်)	Apr 13	(95000)
၇. ... (သင်္ကြန်)	Apr 13	(95000)
၈. ... (သင်္ကြန်)	Apr 12	(110000)
၉. ...	Apr 20,27	(70000)

391 419, 391 372, 391 373, 09 514 8079

မြတ်သစ္စာ မြစ်တွင်းအပျော်စီးရေယာဉ်နှင့် ရေပေါ်စားသုံးဆောင်၏ မြန်မာနှစ်သစ်ကူးသင်္ကြန် အထူးအစီအစဉ်

* သင်္ကြန်ရက်အတွင်းအတက်နေ့မှလွဲ၍ ကျန်နေ့ရက်များတွင် ညစဉ် ၇နာရီတိတိတွင် စဉ်ဆိုးထွက်သည်။
* နှစ်ဆန်းတစ်ရက်နေ့ (၁၇–၄–၂၀၀၆)ရက်တွင်လည်း ညနေ ပုံမှန် ၅း၃၀နာရီတွင် နှစ်သစ်ကူးအစီအစဉ်များဖြင့် သဘောထွက်ခွာပါမည်။
* ရေပက်ခံလိုသူများလည်း နေ့လယ်စာစားရင်း နားနေနိုင်ရန်အတွက် စားသောက်ဆိုင်ကိုလည်း ပိတ်ရက်မရှိ ဖွင့်လှစ်ထားပါသည်။

ဆက်သွယ်ရန်–
၇၀၀၄၄၇၊ ၃၃၈၄၄၅၊ ၃၈၇၅၄၁၊ ၀၉–၆၀၅၀၄၀၆၊ ၀၉–၈၀၂၂၆၂၀

"DISCOVER PREMIER, A UNIQUELY MYANMAR COFFEE"

၁၃၆၈ ခုနှစ် နှစ်သစ်ကူး အတာသင်္ကြန် ပွဲကို Premier Coffee Co.,ltd မှ စေတ်ဝင်းတွင် (Emperor Band) ချစ်သူဝေစသည့်အခြား နာမည်ကျော် အဆိုတော်၊ DJ၊ Dancer အဆိုအကများနှင့် မန္တလေးနန်းရှေ့တွင် စည်ကား သိုက်မြိုက်စွာ ကျင်းပပါမည်။

Premier Coffee ဝယ်ယူအားပေးနေသော မိတ်ဆွေများ ... ပါဝင် ဆင်နွှဲနိုင်ပါကြောင်း နွေးထွေးစွာ ဖိတ်ခေါ် အပ်ပါသည်။

ဖိမ္မ ... ပရီမီယာ.....!

ကုန်းအမှတ်တံဆိပ် သတိပေးကြော်ငြာခြင်း

Seagull

အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နေချိန်တွင် တပ်မတော်သားများအနေဖြင့် တိုင်းရင်းသားပြည်သူများနှင့် လက်တွဲ၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗထူးတပ်နယ်ရှိ တပ်မတော်အရာရှိများအား တွေ့ဆုံ အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ယနေ့နံနက် ၈နာရီတွင် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမ၌ ဗထူးတပ်နယ်ရှိ တပ်မတော်အရာရှိကြီးများ၊ ဗထူးတပ်မြို့ရှိ တပ်မတော် သင်တန်းကျောင်းများမှ သန္တေနှင့် သင်တန်းသား တပ်မတော်အရာရှိများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမ၌ ဗထူးတပ်နယ်ရှိ တပ်မတော်အရာရှိကြီးများ၊ ဗထူးတပ်မြို့ရှိ တပ်မတော်သင်တန်းကျောင်းများမှ သန္တေနှင့်သင်တန်းသား တပ်မတော်အရာရှိများအား အမှာစကား ပြောကြားစဉ်။ (အပေါ်ပုံနှင့် ယာပုံ)

(သတင်းစဉ်)

ယနေ့မိုးလေဝသ

(၁၂-၄-၂၀၀၆)

နေပြည်တော်မြို့တော်

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၉) သင်တန်းဆင်း ဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဧပြီ ၁၁

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဧပြီ ၁၀ရက် ည ၆နာရီခွဲတွင် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ဗထူး တပ်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူး ခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၉) သင်တန်း ဆင်း ဂုဏ်ပြုညစာစားပွဲတွင် သင်တန်းဆင်း အရာရှိများအား ရင်းရင်း နှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)